မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်၊ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်၊ သောကြာနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၄၄)

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကို ပဲခူးတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲတွင် တံခွန်စိုက်ဆုရရှိသော ပဲခူး ခရိုင်အသင်းအား တံခွန်စိုက်ဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်

(၁) ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသည့် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားစေရန်။
(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန်။
(၃) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာများ ရှင်သန်ထွန်းကားပြန့်ပွားရန်။
(၄) လူငယ်ထု၏စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားမှုကို တိုးတက်ဖြစ်ထွန်းစေရန်။
(၅) တိုင်းတစ်ပါးယဉ်ကျေးမှုလွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

ပဲခူးတိုင်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တက်ရောက်ချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁၃

ပဲခူးတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ပဲခူးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွမ်းခွန်ဆမ်တို့ တက်ရောက်အားပေးချီးမြှင့်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးက အမှာစကားပြောကြားသည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အကပြိုင်ပွဲ၊ အိုးစည်ပြိုင်ပွဲ၊ ဆိုင်းဝိုင်းကြီးပြိုင်ပွဲ၊ ကွက်စိပ်ပြိုင်ပွဲများတွင် ပထမဆုရရှိသူများအား တိုင်းမှူးကလည်းကောင်း၊ မဟာဂီတ အဆိုပြိုင်ပွဲတွင် ဆုရရှိသူများအား ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းကလည်းကောင်း၊ ခေတ်ဟောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲတွင် ဆုရရှိသူ အမျိုးသားများအား ပဲခူးတပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းမြင့်ကလည်းကောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ ■

မြန်မာ့အလင်း ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

ယူအေအီးမှ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံး အာကာသသို့ လွှတ်တင်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင် (စာ – ၈)

၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့်စပ်လျဉ်း၍ ကျောင်းသားကျောင်းသူများ သိရှိနိုင်ရန်ကြေညာ

ရန်ကုန် စက်တင်ဘာ ၁၃

၂၀၀၈ခုနှစ်တွင် ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲနှင့်စပ်လျဉ်း၍ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသိရှိနိုင်ရန် ကြေညာထားသည်။

ရောင်းချပေးမည်

တက္ကသိုလ်ဝင်စာမေးပွဲဝင်ခွင့် လျှောက်လွှာပုံစံများကို မြန်မာနိုင်ငံစာစစ်အဖွဲ့ရုံး၌ ၂၀၀၇ခုနှစ် အောက်တိုဘာ ၁ ရက်မှ စတင်၍ သတ်မှတ်ထားသောနှုန်းထားဖြင့် ရောင်းချပေးမည်ဖြစ်သည်။

အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထား

စာမေးပွဲဝင်ခွင့်လျှောက်လွှာ တင်သွင်းရာ၌ ဘာသာတွဲအမှတ်စဉ် (၁) (၅) (၆) (၇) (၈)များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင် ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း၊ ဘာသာတွဲ အမှတ်စဉ်(၂) (၃) (၄)များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင်ဝင်ခွင့် လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့်လည်းကောင်း တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

14-9 (01) 1 9/14/07, 1:35 AM

မြန်မာ့အလင်း
၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ စက်တင်ဘာ ၁၄ ရက်)

ခြင်အန္တရာယ် ပူးပေါင်းကာကွယ်နှိမ်နင်း

ယခုအခါ ခြင်ကြောင့်ဖြစ်ပွားသောရောဂါများ ကမ္ဘာတစ်ဝန်း ဖြစ်ပွားနှုန်း မြင့်မားလာသည်။

ပြည်သူများအနေဖြင့် ခြင်အန္တရာယ်ကို အလေးထားကာကွယ်ရန် လိုအပ်သည်။ ခြင်ကြောင့် ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ဆင်ခြေထောက်ရောဂါ၊ ဂျပန်ဦးနှောက်ရောင်ရောဂါနှင့် ငန်းဖျားရောဂါတို့ ဖြစ်နိုင်သည်။

ငှက်ဖျားရောဂါသည် တောတောင်စိမ့်စမ်းရေများတွင် ပေါက်ပွားသော အနောဖလီခြင်ကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် အိမ်နှင့်ပတ်ဝန်းကျင် ရေကြည်ရေသန့်များ၌ ပေါက်ပွားသော အေးဒီးခြင်ကျားကြောင့် ဖြစ်ရခြင်း ဖြစ်သည်။ ခြင်ကိုက်ခံရလျှင် သေဆုံးနိုင်သည်အထိ အန္တရာယ်ရှိ၍ စနစ်တကျကုသမှု ခံယူရန် လိုအပ်သည်။

ဂျပန်ဦးနှောက်ရောင်ရောဂါမှာ လယ်ကွင်းများ၌ ပေါက်ပွားသော ကျူးလစ်ခြင်များကြောင့် ဖြစ်ရပြီး ငန်းဖျားရောဂါမှာ အေးဒီးခြင်ကျားများကြောင့် ဖြစ်ပွားရခြင်း ဖြစ်သည်။

ခြင်များသည် ရေကြည်ရေသန့်ရှိရာနေရာများ၊ ရေပုပ်ရေသိုးရှိရာနေရာများ၊ သိုလှောင်ရာနေရာများ၊ ရေလှောင်ကန်များ၊ အိမ်တွင်း၊ ခြံတွင်းရှိ ချိုင့်ခွက်များ၊ ရေမြောင်းများ၌ ပေါက်ပွားလေ့ရှိသည်။ ခြင်များမပေါက်ပွားနိုင်ရန် ရေစည်၊ ရေအိုး၊ ရေကန်များကို ဖုံးအုပ်ထားခြင်း၊ ခြင်လောက်လမ်းများ ပေါက်ပွားနေသော ရေစည်၊ ရေအိုးများကို သွန်လဲခြင်း၊ ရေစစ်ဖြင့် စစ်ခြင်းတို့ဖြင့် လောက်လမ်းများကို နှိမ်နင်းနိုင်သည်။

ထို့အပြင် ခြင်လောက်လမ်းများ မပေါက်ပွားစေရန် ဆားထည့်ခြင်း၊ အင်ဂျင်ဝိုင်ထည့်ခြင်း၊ လောက်လမ်းစားငါးများထည့်ခြင်းတို့ဖြင့်လည်း ကာကွယ်နှိမ်နင်းနိုင်သည်။

ခြင်အကိုက်မခံရစေရန် ခြင်ထောင်၊ ဆေးစိမ်ခြင်ထောင်များဖြင့် နေထိုင်ခြင်း၊ ခြင်နိုင်ဆေးလိမ်းခြင်း၊ ခြင်နိုင်ဆေးဖျန်းခြင်းတို့ဖြင့်လည်း ကာကွယ်နိုင်သည်။

သို့ဖြစ်ရာ ပြည်သူများ ခြင်အန္တရာယ်ကင်းဝေးစေရေးအတွက် တစ်ဦးချင်းသော်လည်းကောင်း၊ ရပ်ရွာလူထု ပူးပေါင်း၍လည်းကောင်း ခြင်ကာကွယ်နှိမ်နင်းရေးကို ပုံမှန်လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် အောင်သပြေလမ်း အမှတ် (၄၂-B)နေ ဒေါ်ခင်အေးကြည်လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ သမီး ဒေါ်ရွှေဝတ်မှုံဇံ မိသားစုက ဒဂုံမြို့နယ် အမှတ် (၁၆) စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းငါးသောင်းကို အနုနာယကဆရာတော် ဘဒ္ဒန္တနန္ဒကထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ရွှေစင်အကယ်ဒမီ ဦးသူတော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သမိုင်းဝင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း တည်ဆောက်ရေးလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် အမှတ်(၇၃) အောင်သိဒ္ဓိလမ်း မတန်း(၃)ရပ်ကွက် မရမ်းကုန်းမြို့နယ်နေ ဗိုလ်မှူးခင်မောင်ညွှန့်(ငြိမ်း ၊ အထွေထွေမန်နေဂျာ ကြံလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)-အဲလစ်(စ်)နူးရာ(ဒေါ်မွန်မွန်) မိသားစုက ငွေကျပ်နှစ်သိန်းငါးသောင်းကို လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင် ဦးမောင်လှိုင်နှင့် ဦးအုန်းမြိုင်တို့က အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းကို ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်သွယ်လှူဒါန်း

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇ ၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၄-၉-၂၀၀၇ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ် ချိုနှာဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြဟန်ဂီတသံ
၄း၁၅	၄။	ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅	၅။	နားဝင်ငြိမ့်စီး သီချင်းကြီး
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၃၅	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၅	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၄၀	၁၂။	စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅	၁၃။	လျှပ်တစ်ပြက်
၇း၀၀	၁၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကိုယ့်အချစ်ဆုံး** (အပိုင်း-၆)
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	စိုက်ပျိုးသုတ
	၁၉။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၃၃)

ဝန်ကြီးဦးအောင်သောင်း ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း) စစ်ဆေး သတ်မှတ်ရက်အတွင်း စက်ရုံဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ရန် မှာကြား

နေပြည်တော် စက်တင်ဘာ ၁၃

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်းသည် စက်တင်ဘာ ၁၁ရက် မွန်းလွဲပိုင်းက မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်လိုက်ပါလျက် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်ရှိ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့်စတီးလ် အိမ်သုံးပစ္စည်း စက်ရုံ(မင်းစု) ပင်မအလုပ်ရုံရှိ စတီးလ်ပစ္စည်းအမျိုးမျိုးနှင့် ကြွေရည်စိမ်ပစ္စည်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စက်ရုံတွင် စမ်းသပ်ထုတ်လုပ်လျက်ရှိသော မိုလ်နှင့်ဒိုင်များ၊ အနားကွပ်စတီးလ်ပြားဖြတ်ဒိုင်များ၊ ကြက်ဆူဆီမီးဖိုထုတ်လုပ်ရာတွင် အသုံးပြုသည့် အစိတ်အပိုင်းများကို Wire Cutting Machine ဖြင့် လိုအပ်သောပုံစံကို ကွန်ပျူတာဖြင့် ထိန်းချုပ်၍ ဖြတ်တောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် ပြုပြင်ထိန်းသိမ်းရေးဌာနရှိ ထုတ်လုပ်ထားသော ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် 3 Layer ဂဟေစက်ဖြင့် အကြော်ခံဒယ်အိုးထုတ်လုပ်မှု၊ စတီးလ်အရောင်တင်ဌာန ကုန်ထုတ်လုပ်မှု အခြေအနေများနှင့် အရောင်တင်ပြီး စတီးလ်ထုတ်ကုန်ပစ္စည်းများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဖွင့်လှစ်နိုင်ရန်

ထိုမှတစ်ဆင့် ဝန်ကြီးသည် မြန်မာ့ဆေးဝါးနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ တင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး သတ်မှတ်ရက်အတွင်း စက်ရုံဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် မှာကြားကာ ထိုးဆေးလုပ်ငန်း၌ အဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးသည်။

ကြက်ဆူဆီမီးဖို

ဆက်လက်၍ ဝန်ကြီးသည် ညနေ၅နာရီတွင်မန္တလေးတိုင်း ကျောက်ဆည်မြို့ စက်ရုံများနယ်မြေ (ကျောက်ဆည်)သို့ ရောက်ရှိပြီး ဖိနပ်စက်ရုံ(ကျောက်ဆည်)၏ လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** အပ်ချုပ်စက်ရုံ (ကျောက်ဆည်)နှင့် ကြက်ဆူဆီ မီးဖိုထုတ်လုပ်ရေး အလုပ်ရုံမှ အသင့်ထုတ်လုပ်ပြီး ကြက်ဆူဆီမီးဖိုများကို ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းလိုအပ်ချက်များ မှာကြားဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၁၃

၁၃၆၉ ခုနှစ် တော်သလင်းလဆန်း ၈ ရက် စက်တင်ဘာ ၁၉ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်မဟာစည်ရိပ်သာ ဦးစီးပဓာန နာယက ဘဒ္ဒန္တစန္ဒဝရ (လှိုင်မဟာစည်ဆရာတော်)နှင့် ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ပဲခူးတိုင်း (အရှေ့)တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ဦးစီးပဓာန နာယက ဘဒ္ဒန္တပဏ္ဍာဝံသအရှင်သူမြတ်တို့က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကိုလည်းကောင်း၊ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ် အလင်းရောင်ကျောင်းမှ ဘဒ္ဒန္တဝိမလ အရှင်သူမြတ်က ဥပုသ်သီလပေးတရားတော်များကိုလည်းကောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော် ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ ဟောကြားချီးမြှင့်တော်မူမည်ဟု သိရသည်။ (က-ပ)

အိန္ဒိယတပ်မတော်အမှတ်(၃)တပ်မကြီးမှူးနှင့်အဖွဲ့ ပုဂံ-ညောင်ဦးမြို့၌ ဘုရားများအား ဖူးမြော်ကြည်ညို

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး General, Officer Commanding -GOC-3 Corps Lieutenant General, Ms. Dadwal AVSM ,VSMနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၁၂ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ နံနက် ၈ နာရီတွင် မန္တလေးတိုင်း ပုဂံ-ညောင်ဦးလေဆိပ်သို့ ရောက်ရှိသည်။

ကြိုဆို

အဆိုပါ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဇနီး ဒေါ်စန်းစန်းမြင့်၊ ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် ဇနီးနှင့် ပုဂံ-ညောင်ဦးမြို့နယ်ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ရွှေစည်းခုံစေတီတော်သို့ သွားရောက်ကြပြီး ပန်း၊ရေချမ်းနှင့် ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ကာ စေတီတော်ကြီးအား လက်ယာရစ် ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် အာနန္ဒာစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ကြည့်ရှုလေ့လာ

ယင်းနောက် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် သဗ္ဗညုစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပုဂံရှေးဟောင်း သုတေသနပြတိုက်သို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ကြိုဆို၍ ရှင်းလင်းပြသကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ပုဂံမြို့သစ်ရှိ ဦးဘညိမ် ယွန်းဆိုင်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညပိုင်းတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေနှင့် ဇနီးတို့က ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား သံတဲဟိုတယ်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

■ ရှေ့ဖုံးမှ

ပထမဆုရရှိသူ အမျိုးသမီးပြိုင်ပွဲဝင်များအား တိုင်းမှူး၏ဇနီး ဒေါ်စဝ်နွန်းခွန်ဆမ်ကလည်းကောင်း ဆုများချီးမြှင့်ကြပြီး ပတ္တလားပြိုင်ပွဲ၊ ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ မယ်ဒလင်၊ စန္ဒရားပြိုင်ပွဲများတွင် ဆုရရှိသူများအား တိုင်း၊ ခရိုင်အဆင့် တာဝန်ရှိသူအသီးသီးက ဂုဏ်ပြုဆုများပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများ၏ ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပဲခူးတိုင်း(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် တံခွန်စိုက်ရရှိသော ပဲခူးခရိုင်အား ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကိုကတံခွန်စိုက်ဆုကို ပေးအပ်ချီးမြှင့်ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်း ပေးအပ်ချီးမြှင့်သည်။

အောင်စကြာ မိုးကုတ်ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်း တရားစခန်းပွဲများကို တော်သလင်းလဆန်း ၆ ရက်မှ ၁၅ ရက် (စက်တင်ဘာ ၁၇ ရက် မှ ၂၆ ရက်)အထိ ဦးပဏ္ဍိတ (ပိဋကတ်နှစ်ပုံဆောင်) ခြောက်ထပ်ကြီးကျောင်းတိုက်ကလည်းကောင်း၊ တော်သလင်းလပြည့်ကျော် ၆ ရက်မှ ၁၅ ရက်(အောက်တိုဘာ ၂ ရက်မှ ၁၁ ရက်) အထိ ဦးဉာဏောဘာသ (သန်လျင်) ကလည်းကောင်း၊ သီတင်းကျွတ်လဆန်း ၆ ရက်မှ ၁၅ရက်အထိ(အောက်တိုဘာ ၁၇ ရက်မှ ၂၆ ရက်)အထိ ဦးစန္ဒသိရီနှင့် ဆရာ ဦးဆန်းတင် (သာကေတမြို့)တို့ကလည်းကောင်းပဋိစ္စသမုပ္ပာဒ်၊ သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ပြီး တရားစခန်းဝင်လိုသော ယောဂီများနှင့် အရဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲ လှူဒါန်းလိုသော စေတနာရှင်များသည် ဖုန်း-၅၄၇၀၂၈၊ ၀၉-၅၁-၄၇၃၈၂ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

အဆိုပါ ပဲခူးတိုင်း (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး၊ ပြိုင်ပွဲကို စက်တင်ဘာ ၅ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် စုစုပေါင်း ၃၁၃ဦး ယှဉ်ပြိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်အားပြင်းငလျင်တစ်ခုလှုပ်

နေပြည်တော် စက်တင်ဘာ ၁၃

၂၀၀၇ ခုနှစ် စက်တင်ဘာ ၁၃ ရက် မြန်မာစံတော်ချိန် နံနက် ၆ နာရီ ၂၃ မိနစ် ၂၅ စက္ကန့်တွင် ကမ္ဘာ့အေး မြေငလျင်စခန်း၏ တောင်ဘက်မိုင် ၁၃၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပနေရာ (ဆူမားတြားတောင်ပိုင်း အင်ဒိုနီးရှားနိုင်ငံ) ကိုဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၈ အဆင့်ရှိ အင်အား အလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။

(သတင်းစဉ်)

✱ ကျောဖုံးမှ

အင်းစိန်ဘက်သို့ လေးစင်း၊ မင်္ဂလာဒုံဘက်သို့ သုံးစင်း၊ တိုးကြောင်ကလေးဘက်သို့ သုံးစင်းဖြင့် သယ်ယူပို့ဆောင်ပေးလျက်ရှိပြီး လက်မှတ်ခနှုန်းမှာ အနည်းဆုံး ၁၀ ကျပ်နှင့် အများဆုံးကျပ် ၂၀ ဖြစ်ပြီး နေ့စဉ်ပြေးဆွဲပေးလျက်ရှိသော ရထားစင်းရေများမှာ အောက်ပါအတိုင်းဖြစ်ကြောင်း သတင်းရရှိသည်-

စဉ်	ခရီးစဉ်	ပြေးဆွဲစင်းရေ
၁။	ရန်ကုန်-ရန်ကုန်(မြို့ပတ်/လက်ယာရစ်)	၇
၂။	ရန်ကုန်-ရန်ကုန်(မြို့ပတ်/လက်ဝဲရစ်)	၇
၃။	အင်းစိန်-ရန်ကုန်	၂၄
၄။	ရန်ကုန်-အင်းစိန်	၂၉
၅။	အင်းစိန်-မင်္ဂလာဒုံ-ရန်ကုန်	၃
၆။	ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန်	၃
၇။	ရန်ကုန်-မင်္ဂလာဒုံ	၈
၈။	မင်္ဂလာဒုံ-ရန်ကုန်	၈
၉။	ရန်ကုန်-ပုရွက်ဆိတ်ကုန်း	၂
၁၀။	ပုရွက်ဆိတ်ကုန်း-ရန်ကုန်	၂
၁၁။	အင်းစိန်-လှော်ကား	၁၅
၁၂။	လှော်ကား-အင်းစိန်	၁၅
၁၃။	ရန်ကုန်-သီလဝါ	၂
၁၄။	သီလဝါ-ရန်ကုန်	၂
၁၅။	ရန်ကုန်-တိုးကြောင်ကလေး	၆
၁၆။	တိုးကြောင်ကလေး-ရန်ကုန်	၆
၁၇။	ရန်ကုန်-ရွာသာကြီး	၈
၁၈။	ရွာသာကြီး-ရန်ကုန်	၈
၁၉။	ရန်ကုန်-အုတ်ဖိုစု	၁
၂၀။	အုတ်ဖိုစု-ရန်ကုန်	၁
၂၁။	ရန်ကုန်-ဒဂုံတက္ကသိုလ်	၉
၂၂။	ဒဂုံတက္ကသိုလ်-ရန်ကုန်	၉
၂၃။	ရန်ကုန်-အရှေ့ပိုင်းတက္ကသိုလ်	၆
၂၄။	အရှေ့ပိုင်းတက္ကသိုလ်-ရန်ကုန်	၆
၂၅။	ရန်ကုန်-ကွန်ပျူတာတက္ကသိုလ်	၂
၂၆။	ကွန်ပျူတာတက္ကသိုလ်-ရန်ကုန်	၂
	စုစုပေါင်း	**၁၉၁**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၄-၉-၂၀၀၇ ရက် (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး

၇:၅၀ ၅။ အကပြိုင်ပွဲ

၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယဉ်

၈:၁၅ ၇။ အတီးပြိုင်ပွဲ

၈:၂၅ ၈။ မရမ်းကုန်းရေထိန်းတံခါး

၈:၃၀ ၉။ International News

၈:၄၅ ၁၀။ English for Everyday Use

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ အထူးပြု) (ဓာတုဗေဒ)

၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ

၁၇:၀၀ ၅။ မြန်မာစာမြန်မာစကား

၁၇:၁၅ ၆။ နှောင်းခေတ်တေးပဒေသာ

၁၇:၂၅ ၇။ **နောက်မကျရအောင်** မင်းသူ၊ ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့် (ဒါရိုက်တာ-ကြည်စိုး)

၁၇:၃၅ ၈။ ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) ဝါသနာရှင် (ဒုတိယတန်း)အဆင့် (အမျိုးသား/အမျိုးသမီး)

၁၇:၅၀ ၉။ နိုင်ငံ့စီးပွားအလေးထားကျေးလက်ထုတ်ကုန်များ (အင်းပေါခုံရွာ ပိုးထည်လုပ်ငန်း)

၁၈:၀၀ ၁၀။ ညနေခင်းသတင်း

၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ

၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်

၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ရေသူမလေး တတိယချစ်ပုံပြင်** (အပိုင်း-၂)

၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း

၁၅။ နိုင်ငံတကာသတင်းများ

၁၆။ မိုးလေဝသအခြေအနေ

၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်စိတ်ကူးလေး တဝဲလည်လည်** (အပိုင်း-၁၆)

၁၈။ နောက်တစ်နေ့အစီအစဉ်

၁၉။ အစီအစဉ်ပြီး၏။

ဟသ်ာတမြို့ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၁၃

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဟသ်ာတမြို့၌ ၁၂၉၈ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ ရေဦး၊ အရာတော်၊ ကောလင်း၊ နေပြည်တော်ပျဉ်းမနားနှင့် စစ်ကိုင်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ငါးဦးနုတ်ထွက်

ရန်ကုန် စက်တင်ဘာ ၁၃

စစ်ကိုင်းတိုင်း ရေဦးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင် ဦးထွန်းမြိုင်သည် ဇူလိုင် ၂၇ ရက်တွင်လည်းကောင်း၊ အရာတော်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှပါတီဝင် ဦးကြည်စိုးသည် ဇူလိုင် ၂၉ ရက်တွင်လည်းကောင်း၊ ကောလင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ဦးအောင်ကြီးသည် ဩဂုတ် ၈ ရက်တွင်လည်းကောင်း၊ နေပြည်တော်ပျဉ်းမနားမြို့နယ်မှ ဦးဝင်းမင်းသူနှင့် စစ်ကိုင်းမြို့နယ်မှ ဦးကျော်ခွေးသည် စက်တင်ဘာ ၄ ရက်တွင်လည်းကောင်း ၎င်းတို့သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ရေဦးမြို့နယ်၊ အရာတော်မြို့နယ်၊ ကောလင်းမြို့နယ်၊ နေပြည်တော်ပျဉ်းမနားမြို့နယ်နှင့် စစ်ကိုင်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲတို့သို့ပေးပို့သော နုတ်ထွက်လွှာများတွင် NLD ပါတီဝင်အဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိတော့သဖြင့် ၎င်းတို့ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

အချက်ဦး၏ ရောင်စဉ်တန်းများ

ခင်ဦး

သံသရာဟူသည် တစ်ဘဝမှတစ်ဘဝ အဖန်တလဲလဲ ပြောင်းရွှေ့ဖြစ်ပျက်ခြင်း ဖြစ်ပါသည်။ သံသရာခရီးတစ်လျှောက် သတ္တဝါများ ရောက်ရှိ ကျင်လည်ကြကုန်သော သုံးဆယ့်တစ်ဘုံသည် သြကာသလောကဟု ခေါ်ဆိုကြောင်း မြတ်ဗုဒ္ဓ၏ အဆိုအမိန့်တွင် တွေ့ရှိကြရမှာဖြစ်ပါသည်။

သြကာသလောကတွင် လူဟူသော သတ္တဝါသည် လူ့ဘုံတွင် တည်မှီနေထိုင်ကြပါသည်။ လူသည် အာရုံငါးပါးဖြင့် နေ့စဉ် ထိတွေ့ဆောင်ရွက်နေကြသည့် သတ္တဝါများဖြစ်ကြပါသည်။ အာရုံငါးပါးတွင် ရူပါရုံ(မြင်သိစိတ်)၊ သဒ္ဒါရုံ(ကြားသိစိတ်)၊ ဂန္ဓာရုံ(နံသိစိတ်)၊ ရသာရုံ(အရသာ သိစိတ်)၊ ဖောဋ္ဌဗ္ဗာရုံ(ထိတွေ့သိစိတ်)စသည်တို့ ပါဝင်ပေရာ ရူပါရုံဟူသည့် မြင်သိစိတ်သည် အာရုံငါးပါးတွင် ထိရောက်မှုအရှိဆုံး၊ ခံစားမှုအလျင်မြန်ဆုံး၊ အရေးကြီးဆုံး အာရုံတစ်ပါးဖြစ်ပါသည်။

အဆိုပါအရေးကြီးဆုံး အာရုံဖြစ်သည့် အမြင်အာရုံ ဆုံးရှုံးပါက ဘဝဆုံးသည်ဟု သတ်မှတ်လေ့ရှိကြပါသည်။ အမြင်အာရုံဆုံးရှုံးရာတွင်

မျက်စိခွဲစိတ်ကုသပြီးသော လူနာများအား လှည့်လည်ကြည့်ရှုအားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်စဉ်။

မွေးရာပါအမြင်အာရုံ ဆုံးရှုံးခြင်းထက် အမြင်အာရုံကို ရရှိပြီးမှ ဆုံးရှုံးခြင်းမျိုးသည် ပို၍ထိခိုက်ခံစားကြရပါ၏။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် ရန်ကုန်တိုင်းအတွင်း၌ မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးသည့် သုံးခွမြို့နယ်၏ အလင်းကုသိုလ်ပွဲကြီး ပြီးသွားပြီးနောက် မျက်စိရောဂါဝေဒနာနှင့်ပတ်သက်ပြီး အလင်းကုသိုလ်များ ထပ်မံတိုးပွားနိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂၈-၇-၂၀၀၇ ရက်နေ့က မြန်မာတစ်နိုင်ငံလုံး၏ မျက်စိဝေဒနာရှင်များအားထားရာ တာမွေမြို့နယ်ရှိ မျက်စိအထူးကုဆေးရုံကြီးသို့ ရောက်ခဲ့ပါသည်။ ဆေးရုံအဝ၌ မျက်စိအထူးကု ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကျင်စန်းရင်က ပြုံးရွှင်စွာ ဆီးကြိုနေပါသည်။ မျက်စိဆေးရုံ၏ ဝင်ဝင်ချင်းအခန်း၌ မျက်စိရောဂါဝေဒနာနှင့်ပတ်သက်ပြီး သတိပြုစောင့်ရှောက်နိုင်ရန်အတွက် ဆောင်ပုဒ်များရေးသားထားသည်ကို တွေ့ရပါသည်။

"ထောင့်ကျယ်ရေတိမ်ရောဂါမှာ -မသိမသာဖြစ်နေရာ နီကိုက်မှုန်ခြင်းမရှိပါ။ ဆရာဝန်က စစ်ဆေးမှ ရောဂါတိကျသိကြရ။ အသက်လေးဆယ်ကျော်ပါက- မျက်စိဌာန သွားစမ်းကြ။"

"ထောင့်ကျဉ်းရေတိမ်ရောဂါမှာ-ခေါင်းကိုက်၊ဇက်ထိုး၊ အော့အန်ကာ၊ မျက်စိနီကိုက်မှုန်တော့တာ၊ ဆောလျင်စွာကုကြမှ အမြင်အာရုံကောင်းမည်ပ၊ တစ်ဖက်ဖြစ်လျှင် တစ်ဖက်တွင် ကြိုတင်တားမှစိတ်ချရ။"

ဆောင်ပုဒ်များကို ဖတ်ကြည့်ပြီး ရေတိမ်ရောဂါနှင့်ပတ်သက်၍ သတိထားရမှာပါလားဟု တွေးလိုက်မိပါ၏။ နံနက် ၇နာရီခွဲလောက်က စတင်ပြီး အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးတင်ဝင်း ဦးဆောင်၍ ဒေါက်တာ ဒေါ်ခင်အေးစိုး၊ ဒေါက်တာ ဒေါ်ခက်ခက်ချို၊ ဒေါက်တာဒေါ်သူဇာဟန်၊ ဒေါက်တာ ဒေါ်ခင်ဥမ္မာခိုင်၊ ဒေါက်တာ ဦးအောင်မြတ်စိုး၊ ဒေါက်တာ ဦးညွန့်အောင်၊ ဒေါက်တာ ဦးရီလင်း၊ ဒေါက်တာ ဦးအောင်မိုးထွန်း၊ ဒေါက်တာအေးမြတ်ဦး၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာ ဌေးဌေးမြင့်နှင့် စစ္စတာဒေါ်ဌေးဌေးဝင်း ဦးဆောင်သည့် သူနာပြုအဖွဲ့ဝင် ၁၇ဦးတို့က ခွဲစိတ်ခန်းလေးခန်းဖြင့် တစ်ပြိုင်တည်း ခွဲစိတ်ကုသပေးကြရာ နံနက် ၁၀နာရီခွဲတွင် ပြီးဆုံးသွားပြီဖြစ်ကြောင်း၊ ဤနေ့အတွက် ခရမ်းမြို့နယ်၊ ဒလမြို့နယ်၊ မှော်ဘီမြို့နယ်များမှ လူနာ ၂၀အား ခွဲစိတ်ကုသပေးခဲ့ကြောင်း ဆေးရုံအုပ်ကြီးက ပြောပြပါသည်။

မျက်စိအထူးကုဆေးရုံကြီးသည် ခုတင် ၁၅၀ ဆံ့ ဆေးရုံဖြစ်ပြီး မျက်စိဝေဒနာရှင် အများဆုံး ၁၃၀ အထိ တက်ရောက်ကုသလျက်ရှိကြောင်း သိရပါသည်။ ရန်ကုန်တိုင်းအတွင်း ၂၀၀၇ခုနှစ် မေ၊ ဇွန်၊ ဇူလိုင်လများ၌ မျက်စိအထူးကုဆရာဝန်များ နယ်လှည့်ကွင်းဆင်း၍ မျက်စိဝေဒနာရှင်များအား ကုသပေးရာမှ ခွဲစိတ်ကုသရန်လိုအပ်သည့် လူနာပေါင်း ၅၀ ကျော်ခန့် တွေ့ရှိစုစည်းရရှိခဲ့ကြပါသည်။ အဆိုပါ လူနာများကို မျက်စိဆေးရုံကြီး၏ အစီအစဉ်ဖြင့် တစ်နေ့လျှင် နှစ်ဦး သို့မဟုတ် သုံးဦးနှုန်း ခွဲစိတ်ကုသပေးလျက်ရှိပါသည်။

ထူးခြားချက်မှာ မျက်စိအထူးကုဆေးရုံကြီးတွင် ခွဲစိတ်ရသည့် လူနာများအဖို့ အခြားဆေးရုံများနှင့်မတူဘဲ မျက်စိအတွက် အထူးသီးသန့်ပြင်ဆင်ထားသည့် ခွဲစိတ်ကုသခန်းများဖြစ်သည့်အတွက် ပိုမိုစိတ်ချလုံခြုံမှုရှိခြင်း၊ ခွဲစိတ်ခန်းသုံးဆေးနှင့် ပစ္စည်းကိရိယာများ ခေတ်မီ သန့်ရှင်း၍ ပိုမိုထိရောက်မှုရှိခြင်း၊ မျက်စိအထူးကုပါမောက္ခများကိုယ်တိုင် ခွဲစိတ်ပေးသည့်အတွက် အထူးကောင်းမွန်ခြင်း စသည့် အကျိုးကျေးဇူးများကို ခံစားရရှိနိုင်ကြပါသည်။

ကျွန်မတို့အဖွဲ့သည် ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနား မစခင် လူနာများရှိရာသို့ သွားရောက်ကြည့်ရှု မေးမြန်းခဲ့ကြပါသည်။ အမျိုးသမီး လူနာဆောင်မှာတော့ အသက် ၇၈နှစ်အရွယ် အမေဒေါ်ကျင်လှိုင်က **"အမေကလေ မှော်ဘီ ညောင်ပင်ကုန်းရပ်ကွက်၊ ဘီစကွတ် ခေါက်ဆွဲစက်နားမှာ သားရဟန်းနှင့်နေတာ သမီးရဲ့၊ ဘုန်းကြီးကျောင်းမှာပေါ့ သမီးရယ်၊ ညာဘက်မျက်စိက မနှစ်ကစပြီး မှုန်လာတာ ငွေကြေးမတတ်နိုင်လို့ပေါ့ကွယ်၊ သားဆွမ်းခံကျွေးတာစားပြီး ကျောင်းဝေယျာဝစ္စလုပ်ရင်း အမေကနေရတာလေ၊ အရဏ်ဆွမ်းကို အမေကကိုယ်တိုင်ချက်တာ၊ အခုမျက်စိမကောင်းတော့ ခရီးမတွင် မမြင်မစမ်းပေါ့ကွယ်၊ အခုတော့ အမျိုးသမီးရေးရာအဖွဲ့တွေရဲ့ကျေးဇူး၊ ဆရာဝန်၊ ဆရာဝန်မကြီးတွေရဲ့ ကျေးဇူးကြောင့် အမေလေ မျက်စိပြန်မြင်ရတော့မယ်၊ ဝမ်းသာတယ်၊ ပျော်တယ် သမီးရယ်"**ဟု ပြောပါသည်။



ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ၊ ဌာနမှူး ဒေါက်တာတင်ဝင်းက မျက်စိခွဲစိတ်ကုသပုံအဆင့်ဆင့် ရှင်းလင်း ပြောကြားစဉ်။

ခရမ်းမြို့နယ်က အသက် ၇၉နှစ်ရှိပြီဖြစ်တဲ့ အဘ ဦးတင်မောင်က ပြောကြားရာတွင် **"ညာဘက်မျက်စိတိမ်ဖြစ်တာ မကြာသေးဘူး၊ အဘမှာ အိမ်သူရှိသေးတယ်၊ သား၊ သမီးက ရှစ်ယောက်ရှိတယ်၊ ပိုက်ဆံမရှိလို့ မခွဲနိုင်တာပါ သမီးရယ်၊ အခု ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနဲ့ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌတွေ လာပြောတယ်။ အလှူရှင်တွေဖြစ်တဲ့ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ကျေးဇူးတင်မိပါတယ်ကွယ်"**

ဆက်လက်၍ ဒလမြို့နယ်မှ ဒေါ်အုန်းတင်၊ ဒေါ်သောင်းမြ၊ ခရမ်းမြို့နယ်က ဒေါ်အေးမြိုင်တို့ကိုလည်း မေးမြန်းဖြစ်ခဲ့ရာ အချိန်ပေး စောင့်ရှောက်ကြည့်ရှုပေးမည့်သူ မရှိခြင်း၊ ငွေကြေးမတတ်နိုင်ခြင်းကြောင့် ကုသနိုင်ခဲ့ခြင်းမရှိကြောင်း သိရပါသည်။

၂၈-၇-၂၀၀၇ ရက် တာမွေမြို့နယ် မျက်စိအထူးကုဆေးရုံကြီးတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က မျက်စိဝေဒနာရှင်များ ခွဲစိတ်ကုသရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်နေစဉ်။

ဤအချိန်မှာပဲ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ တွဲဖက်အထွေထွေအတွင်းရေးမှူးနှင့် အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေနှင့် အဖွဲ့ဝင်များအားလုံး စုံစုံညီညီ ရောက်ရှိလာကြပါသည်။ ဆက်လက်၍ ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို စတင်ခဲ့ပါသည်။ ထိုအခမ်းအနား၌ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက "မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်ထဲရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုဝန်ထမ်း အစရှိသော ဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်တဲ့ အမျိုးသားအဆင့် စီမံကိန်းလုပ်ငန်းစဉ် (National Plans of Action) များကို အားဖြည့်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများတွင် ထိရောက်စွာ ဝိုင်းဝန်းပါဝင် ဆောင်ရွက်ရန်၊ ရှေ့လုပ်ငန်းစဉ်များချမှတ်၍ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

"ငွေကြေးမတတ်နိုင်သောမျက်စိတိမ်ရောဂါကြောင့် မျက်မမြင်ဖြစ်နေသော ဝေဒနာရှင်များအား မျက်စိအလင်း ပြန်လည်ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထောက်ပံ့လှူဒါန်းခြင်းသည် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသော မျက်မမြင်ကာကွယ်ရေးလုပ်ငန်းတွင်လည်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

"ရန်ကုန်မျက်စိအထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး၊ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် ဝန်ထမ်းများကလည်း အဆင်ပြေစွာ ခွဲစိတ်ကုသနိုင်ရေး၊ လူနာများ နေထိုင်စားသောက်ရေးစတဲ့လုပ်ငန်းများ ဆောင်ရွက်ပေးကြခြင်းကြောင့် မျက်စိဝေဒနာရှင် ၃၀ ဟာ မျက်စိအလင်း ပြန်လည်ရရှိလာမှာ ဖြစ်ကြောင်း၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၊ မှော်ဘီမြို့နယ်၊ ဒလမြို့နယ်နှင့် ခရမ်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့မှလည်း မျက်စိရောဂါ အထူးကုဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအဖွဲ့ကွင်းဆင်းရှာဖွေတွေ့ရှိထားသော ခွဲစိတ်ကုသရန်လိုအပ်သည့် မျက်စိဝေဒနာရှင်များကို ဆေးရုံသို့ ချောမောစွာ ရောက်ရှိလာအောင် ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း။ **စာမျက်နှာ ၅ ကော်လံ ၁ သို့**

ငွေကြေးမတတ်နိုင်သော မျက်စိတိမ်ရောဂါကြောင့် မျက်မမြင်ဖြစ်နေသော ဝေဒနာရှင်များအား မျက်စိအလင်း ပြန်လည်ရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ထောက်ပံ့လှူဒါန်းခြင်းသည် ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသော မျက်မမြင် ကာကွယ်ရေး လုပ်ငန်းတွင်လည်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်နေခြင်းဖြစ်။

14-9 (04) 1 9/14/07, 1:35 AM

စာမျက်နှာ ၄ ဆောင်းပါးမှအဆက်

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မျက်စိအထူးကုဆေးရုံကြီးမှ တာဝန်ရှိသူများ၊ အဆင့်ဆင့်သော အမျိုးသမီးရေးရာအဖွဲ့များ၏ ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်မှုကြောင့် မျက်စိဝေဒနာရှင်များဟာ မျက်စိအလင်း ပြန်လည်ရရှိလာပြီး ဝေဒနာရှင်နှင့်မိသားစုများ ဝမ်းသာပီတိဖြစ်ရသလို ဝိုင်းဝန်းကူညီ ဆောင်ရွက်လုပ်ကိုင်ပေးရသူများအနေဖြင့်လည်း အလားတူပီတိဖြစ်ပြီး ကုသိုလ်များလည်း ရရှိကြမှာဖြစ်ကြောင်း” ပြောကြားသွားပါသည်။

ဆက်လက်၍ အလှူငွေကျပ် ကိုးသိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်ကျင်စန်းရင်သို့ ပေးအပ်ခဲ့ပြီး ဆေးရုံအုပ်ကြီးက “မျက်စိဝေဒနာရှင်အားလုံး မည်သည့်ဒေသ၊ နယ်ပယ်မှမဆို ငွေကြေးချို့တဲ့ပါက လှူဒါန်းထားသည့် ဆေးပဒေသာပင် အတိုးအညွန့်များဖြင့် အခမဲ့ကုသပေးပါကြောင်း၊ ငွေကြေးတတ်နိုင်သူများအတွက် စရိတ်မျှပေးကျန်းမာရေးစနစ် ကျင့်သုံးထားပါ ကြောင်း၊ ဆင်းရဲနွမ်းပါးသော အတွင်းလူနာများအား တစ်နပ်စာ ကျပ် ၃၀၀၀၊ တစ်ရက်စာ ကျပ် ၆၀၀၀ နှုန်း(သို့မဟုတ်) သဒ္ဓါတတ်အားသရွေ့ မျက်စိဆေးရုံကြီးသို့ လှူဒါန်းနိုင်ပါကြောင်း” ပြောကြားသွားပါသည်။

မနက်က ခွဲစိတ်ခဲ့သည့်လူနာများကို ခွဲစိတ်နေသည့်ဖြစ်စဉ်အား မှတ်တမ်းတင်ရိုက်ကူးထားခြင်းကို ပြန်လည်ပြသပြီး ဆရာကြီး ပါမောက္ခ ဒေါက်တာ ဦးတင်ဝင်းက ယခုလို ရှင်းလင်းပြောကြားခဲ့ပါသည်။

“ယနေ့ ဆေးရုံသို့ရောက်ရှိလာသည့် လူနာများသည် အတွင်းတိမ်ရောဂါ အင်မတန်ရင့်နေ၍ (PHACO) စက်ဖြင့်ခွဲ၍မရဘဲ Manual ဖြင့် ခွဲစိတ်ခဲ့ရကြောင်း၊ အတွင်းတိမ်ဆိုသည်မှာ မျက်စိထဲရှိ မှန်ဘီလူးသည် အသက်အရွယ်ကြောင့် နောက်သွားခြင်း၊ မှုန်ဝါး၊ ဝေဝါးသွားခြင်းဖြစ်ကြောင်း၊ ဆရာဝန်ကြီးများက ခွဲစိတ်ခန်းလေးခန်းဖြင့် တစ်ပြိုင်နက်တည်း ခွဲစိတ်ပေးခဲ့ကြောင်း၊ ယခုလို အောင်မြင်အောင် ခွဲစိတ်ကုသပေးနိုင်ခြင်းမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကနဦး စတင်နှိုးဆော်ပြီး ကူညီပံ့ပိုးပေးခြင်းများအပြင် ကျန်းမာရေးဝန်ကြီးဌာန၏ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတော်က ပံ့ပိုးပေးထားသည့် ဆေးရုံခွဲစိတ်ခန်းနှင့် ဆေးပစ္စည်းအဏုကြည့်မှန်ပြောင်းအပါအဝင် အသုံးအဆောင်ပစ္စည်းများ၊ ဆေးရုံအုပ်ကြီး၊ ဆရာဝန်များ၊ သူနာပြုဆရာမများနှင့် ဆေးရုံအရောက် ပံ့ပိုးကူညီခဲ့သည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ အမျိုးသမီးရေးရာအဖွဲ့များကြောင့် အောင်မြင်မှု ရရှိခဲ့ခြင်းဖြစ်ကြောင်း၊ "Team work" အဖွဲ့ဖြင့် စုပေါင်းဆောင်ရွက်မှု၏ ကောင်းကျိုးရလဒ်ဖြစ်ကြောင်း” ရှင်းလင်းသွားပါသည်။

ထို့နောက် လူနာများ နားနေဆောင်သို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်မာမာဝေတို့က ဦးဆောင်၍ အသုံးစရိတ်များကို တစ်ဦးချင်း လိုက်လံပေးအပ်ခဲ့ပြီး လူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးခဲ့ကြပါသည်။

အခမ်းအနားပြီးသွားသည့်အချိန်၌ ကျွန်မတို့ရင်ထဲ ကျန်နေတာလေးကတော့ စေတနာရှင် အလှူရှင်များအနေဖြင့် မျက်စိဝေဒနာရှင်များအတွက် ငွေကြေးထောက်ပံ့မှုကို လိုအပ်သည့်အချိန်၌ လှူလိုက်ရသည့် “ကာလဒါန”ကုသိုလ်အား ဤမျက်စိအထူးကုဆေးရုံကြီးတွင် အချိန်မရွေး ရရှိနိုင်ကြောင်းပဲ ဖြစ်ပါသည်။

ထို့ကြောင့် အလှူရှင်များက ကုသိုလ်ပြုချင်သည့် အကြောင်းတရားများ ပေါ်ပေါက်လာပါကလည်း တာမွေမြို့နယ်ရှိ မျက်စိအထူးကုဆေးရုံကြီးသို့ ကြွလှမ်းခဲ့ကြပါရန်နှင့် အလှူရှင်များ၏ သဒ္ဓါစိတ် ပီတိအဟုန်များကြောင့် မျက်စိဝေဒနာရှင်များအဖို့ ဩကာသလောကကြီး၏ ဖြစ်ပျက်ရောင်စဉ်များကို မြင်သိစိတ်ဖြင့် ပြန်လည်ရရှိခံစားနိုင်ကြပါစေကြောင်း မေတ္တာရည်လျက် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

ဆိုင်ပူပေါင်–ရွှတ်ခေမားကွန်း(ဩစတြေးလျနိုင်ငံ)နှင့် လမ်းမတော်မြို့နယ် ၁၂လမ်းနေ နန်းစံဆိုင်၊ ဦးကံညွန့်တို့က ဆွမ်းပဒေသာပင်ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဝင် ဦးသန်းထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေးစီမံကိန်းကစီစဉ် မျက်စိအထူးကုဆရာဝန်ကြီးများအဖွဲ့ မလှိုင်မြို့သို့ ကွင်းဆင်း

အတွင်းတိမ် ဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသပေး

နေပြည်တော် စက်တင်ဘာ ၁၃

ကျန်းမာရေးဝန်ကြီးဌာနကျန်းမာရေးဦးစီးဌာန မျက်ခမ်းစပ်နှင့် မျက်မမြင် ကာကွယ်ရေးစီမံကိန်းကစီစဉ်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် အကြောင်းအမျိုးမျိုးကြောင့် မျက်စိကုဌာနများသို့ လာရောက်ကုသမှု မခံယူနိုင်သော မျက်စိအတွင်းတိမ် ဝေဒနာရှင်များ အခမဲ့ ခွဲစိတ်ကုသမှု ခံယူနိုင်ရန် မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်း ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာခင်ငြိမ်းလင်းနှင့် ဒေသဆိုင်ရာ ဆရာဝန်ကြီး ဒေါက်တာ ဝင်းကိုရှိန်တို့ ဦးဆောင်သော မျက်စိအထူးကုအဖွဲ့သည် မိတ္ထီလာခရိုင် မလှိုင်မြို့၌ စက်တင်ဘာ ၇ရက်မှ ၁၈ ရက်အထိ ကွင်းဆင်းကုသပေးခဲ့သည်။

ကူညီပံ့ပိုး

အဆိုပါ ကွင်းဆင်းကုသရာသို့ မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးထွန်းအောင်ကျော်၊ ပါမောက္ခ ဒေါက်တာဒေါ်မြင့်ခိုင်၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ ပျဉ်းမနားမြို့ မျက်ခမ်းစပ်နှင့်မျက်မမြင်ကာကွယ်ရေးစီမံကိန်းတို့မှ ခရိုင်မျက်စိအထူးကု ဆရာဝန်များ၊ မိတ္ထီလာ ပြည်သူ့ဆေးရုံကြီးနှင့် နေပြည်တော် ခုတင်၃၀၀ဆံ့ ဆေးရုံကြီးမှ မျက်စိအထူးကု ဆရာဝန်ကြီးများက ဝေဒနာရှင်များအား ကုသပေးပြီး**(ဝဲပုံ)** မိတ္ထီလာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မလှိုင်မြို့နယ် ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးအသင်း၊ ဒေါက်တာ ဦးထွန်းအောင်ကျော် ခေါင်းဆောင်သော ရန်ကုန်ရောက် မလှိုင်သူ၊ မလှိုင်သားများ၏ ဇီဝိတဒါန မျက်စိကုသရေး အကျိုးဆောင်အဖွဲ့နှင့် စေတနာရှင်၊ အလှူရှင်များက ကူညီပံ့ပိုးကြသည်။

အခမဲ့ခွဲစိတ်ကုသပေး

ထိုသို့ ကွင်းဆင်းကုသရာတွင် မျက်စိဝေဒနာရှင်ပေါင်း၂၀၁၂ဦး၊အတွင်းတိမ်ခွဲစိတ်လူနာပေါင်း၂၁၅ဦး၊ အသေးစားခွဲစိတ်လူနာပေါင်း ၁၂၇ဦး တို့ကို အခမဲ့ကြည့်ရှုခွဲစိတ်ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ရေဒီယိုအသံလွှင့် ဟောပြောချက် စာအုပ်ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၁၃

ပါမောက္ခ ဒေါက်တာခင်မောင်ညွန့်၏ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ရေဒီယိုအသံလွှင့် ဟောပြောချက်များစာအုပ် (Radio Talks on Myanma Culture)ကို ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေလိုက်ပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် မြန်မာနိုင်ငံ၏လှပသာယာသော သဘာဝဝန်းကျင်၊ မြန်မာ့ရှေးဟောင်းသုတေသနပညာ၊ မြန်မာနိုင်ငံသမိုင်း၊ မြန်မာ့ရှေးဟောင်းဗိသုကာလက်ရာများ၊ မြန်မာ့ပန်းဆယ်မျိုး၊ ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ယဉ်ကျေးမှု အကြောင်းအရာစသည်များ အခန်း(၇)ခန်းပါရှိပြီး သရုပ်ပြပန်းချီနှင့် ဓာတ်ပုံများပါ ဖော်ပြထားသည်။

မြန်မာ့ခရီးသွားလုပ်ငန်းရှင်များ၊ ဧည့်လမ်းညွှန်များ၊ အင်္ဂလိပ်စာလေ့လာသူများ၊ မြန်မာ့ယဉ်ကျေးမှုအကြောင်း သိကောင်းစရာစာအုပ်အဖြစ် လက်ဆောင်ပေးလိုသူများနှင့် စာအုပ်ဝယ်ယူစုဆောင်းလိုသူများအတွက် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းစာအုပ်အရောင်းဆိုင်နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားရုံးချုပ်တို့တွင် တစ်အုပ်လျှင် ကျပ် ၃၀၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ကြကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ဗုဒ္ဓဂယာ မဟာအောင်မြေကျောင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဗုဒ္ဓဂယာ ဗုဒ္ဓဘုရားပွင့်တော်မူရာ သံဝေဇနိယလေးဌာန၊ သတ္တသနစ်ဌာနဖြစ်ပေါ်ရာ ဇောဓိပင်နှင့် ရွှေပလ္လင်အနီး မဟာအောင်မြေဘုန်းတော်ကြီးကျောင်း ဆရာတော် ဦးသုန္ဒရနှင့် ဝါဆိုသံဃာ၊ သာမဏေများအား ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဝါတွင်းကာလအတွင်း ကျင်းပမည်ဖြစ်ရာ လိုက်ပါလိုသူများနှင့် သင်္ကန်းပရိက္ခရာများ ပါဝင်လှူဒါန်းလိုသူများသည် ဒေါ်မြစန္ဒာအောင်(ဂန္ဓဝင် ဗုဒ္ဓရွှေပုဂံ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) အဆင့်မြင့်ခရီးသွားလုပ်ငန်း အမှတ်(၁၀)၊ မြေညီထပ်၊ မင်္ဂလာလမ်း၊ စမ်းချောင်း ဖုန်း–၅၁၀၄၉၁၊ ၀၉–၅၁၀၄၈၅၉ တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

အမျိုးသမီးရေးရာအဖွဲ့ ပညာပေးဟောပြော စကားဝိုင်းနှင့် ပညာရည်ချွန်ဆုချီးမြှင့်

ချင်းပြည်နယ် ဖလမ်းမြို့ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ပညာပေးဟောပြောပွဲ၊ စကားဝိုင်းနှင့် ပညာရည်ချွန်ဆုပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ၇ရက် နံနက် ၁၁နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ရှုလွယ်ခန်းမဆောင်တွင် ကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မိုမိုတင်ဦးက အမှာစကား ပြောကြားပြီး ၂၀၀၆–၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရရှိသူများအား ဆုများချီးမြှင့်ကြသည်။ ဆက်လက်၍ စကားဝိုင်းကိုကျင်းပရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါက်တာသန်းသန်းအေးက ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဟောပြောကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အာဟာရဖွံ့ဖြိုးရေး ပညာပေးဟောပြောပွဲကျင်းပ

ညောင်ဦးခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော အာဟာရဖွံ့ဖြိုးရေးပညာပေးဟောပြောပွဲကို စက်တင်ဘာ ၃ရက် နံနက် ၁၀နာရီက ညောင်ဦး အထကနှင့် ပုဂံ အထက တို့၌ ကျင်းပရာ ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီနှင့် အဖွဲ့ဝင်များ၊ ခရိုင် ကျန်းမာရေးဌာနမှူး ဒေါက်တာကျော်ရွှေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တာဝန်ရှိသူများက ညောင်ဦးမြို့ မဏိစည်သူဈေးနှင့် ပုဂံဈေးတို့တွင် အိုင်အိုဒင်းဆား ရောင်းချမှုအား စစ်ဆေးခဲ့ကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

ကျေးရွာ စာကြည့်တိုက် စာဖတ်ဝိုင်းများ နမ့်ဆန်မြို့၌ ကျင်းပ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဆန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ စာဖတ်ဝိုင်းများကို ဇူလိုင် ၉ရက်နှင့် ၁၀ရက်တွင် နမ့်ဆန်မြို့နယ် အနောက်ကင်း ကျေးရွာအုပ်စု အနောက်ကင်းကျေးရွာနှင့် ပန်စရီကျေးရွာ၌ ကျင်းပရာ မြို့နယ်ဦးစီးမှူး ဒေါ်နန်းဆိုင်လီခမ်းက စာဖတ်ဝိုင်းများ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် (စာထောက်– ၃) ဒေါ်နန်းထားထား လှိုင်က ဇွန်၂၈ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ဆောင်းပါးရှင် ခြင်ကျား(မအူပင်) ရေးသားသော နိုင်ငံတကာ မှတ်ကျောက်တွင် တင်ခံရသည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးပပျောက်ရေးအောင်ပွဲ ဆောင်းပါးကိုလည်းကောင်း၊ ဒေါ်နန်းဆိုင်အောင်(အငယ်တန်းစာရေး)က ဒို့ကျေးရွာဂျာနယ် အတွဲ(၄)၊ အမှတ်(၁၀)ပါ လူတော်၊ လူကောင်း၊ လူမိုက်၊ လူဆိုး လူလေးမျိုး ခေါင်းကြီးပိုင်းကိုလည်းကောင်း ဖတ်ကြားရှင်းလင်းပြီး စာကြည့်တိုက်ကော်မတီဝင်များဖြစ်ကြသော ဦးသန်းအောင်၊ဒေါ်အေးငြိမ်း၊ ဒေါ်ခင်ချစ်ဦးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးစိုးသိန်းတို့က ပါဝင်ဆွေးနွေးကြသည်။ (မြို့နယ် ပြန်/ဆက်)

မြို့သစ်ရပ်ကွက်ဥက္ကဋ္ဌဒိုင်း အလွတ်တန်းဘောလုံးပြိုင်ပွဲ

ဟားခါးမြို့ မြို့သစ်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒိုင်း အလွတ်တန်း ဘောလုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ၈ရက် မွန်းလွဲ ၂ နာရီက ဟားခါးမြို့ အထက(၂) အားကစားကွင်း၌ ကျင်းပရာ ဗိုလ်လုပွဲတွင် ကျောင်းရပ်ကွက်အသင်းနှင့် ဂေါက်ကွင်းရပ်ကွက်အသင်းတို့ ယှဉ်ပြိုင် ကစားကြရာ ကျောင်းရပ်ကွက်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ ဗိုလ်လုပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ ဒုတိယဆုရရှိသော ဂေါက်ကွင်းရပ်ကွက်အသင်းအား အမှတ်(၂)ကျောင်းအုပ်ဆရာကြီး ဦးထွန်းရီက လည်းကောင်း၊ ပထမဆုရရှိသော ကျောင်းရပ်ကွက် အသင်းအား ရပ်ကွက်ဥက္ကဋ္ဌ ဦးချန်ရှာန်းက ဒိုင်းဆုနှင့် ငွေသားတို့ကို ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရခိုင်ပြည်နယ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ

ပြည်နယ်အဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

ရခိုင်ပြည်နယ်(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြည်နယ်အဆင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက် ၉နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဇနီး ဒေါ်ကျော့ကျော့စံ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် သန်းထွန်းအောင်နှင့်ဇနီး၊ တပ်ရင်းတပ်ဖွဲ့များမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ အမှတ်ပေး အကဲဖြတ် ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်များနှင့် အနုပညာဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်က အဖွင့်အမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က (၁၅)ကြိမ်မြောက်မြန်မာ့ ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြည်နယ်အဆင့်ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီး ဗဟိုအဆင့်ပြိုင်ပွဲသို့ သွားရောက်မည့် ရခိုင်ပြည်နယ်မှ ပြိုင်ပွဲဝင်များ အောင်နိုင်ရေးအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ထောက်ပံ့ငွေကျပ်ငါးသိန်း ပေးအပ်သည်။

ယင်းနောက် အဆို၊ အက၊ အရေး၊ အတီးများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(ခရိုင် ပြန်/ဆက်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ၇-၇-၉၄ တွင် ကွယ်လွန်သွားသော ဖခင် ဦးထွန်းရှိန် (စာရေး၊ ဆရာမိုးဟိန်း)နှင့် ၆-၅-၈၈ တွင် ကွယ်လွန်သွားသော မိခင် ဒေါ်သောင်းတို့အားရည်စူး၍ ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သာစုအိမ်ရာ တိုက်(၆) အခန်း(၂၀၁)နေ ဦးမြင့်သွင်-ဒေါ်ဝင်းကြည်၊ သမီး မမေဦးသွင်၊ မဆုမွန်အေးမိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်(ဂမုန်းပွင့်-ဘောလမ်း)အောင် တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် (ညောင်ခါးရှည်) အရှင်သုန္ဒ(ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ဆိပ်ကမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း

အိမ်ရှင်မများ ဝင်ငွေတိုးစေမည့် မြန်မာမုန့်ပြုလုပ်နည်း သင်တန်းဆင်း

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေ ဆိပ်ကမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတွင် အိမ်ရှင်မများ ဝင်ငွေတိုးစေမည့် မြန်မာမုန့်ပြုလုပ်နည်း သင်တန်းဆင်းပွဲတွင် သင်တန်းသူများ၏ မြန်မာမုန့်လက်ရာများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရန်ကုန် စက်တင်ဘာ ၁၃

ရန်ကုန် အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကျင်းပသော အိမ်ရှင်မ များဝင်ငွေတိုးစေမည့် မြန်မာမုန့် ပြုလုပ်နည်း သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၉နာရီက ရန်ကုန်မြို့လသာ မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ဗဟိုစံပြခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အမှာစကား ပြောကြားပြီး ဆိပ်ကမ်းမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ထံမှ ရာသက်ပန် အသင်းဝင်အဆိုပြုလွှာ စောင်ရေ ၂၅၀ ကို လက်ခံ၍ သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းနည်းပြ ဒေါ်ခင်လေးနွယ်အား ဂုဏ်ပြုလက်ဆောင် ချီးမြှင့်သည်။

တင်ပြ

ထို့နောက် ဆိပ်ကမ်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆုချီးမြှင့်

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက်က ကျင်းပရာ ၂၀၀၇ ခု တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာ ဂုဏ်ထူးဆုရ မဖြိုးပပအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စန်းမြင့်က ဆုချီးမြှင့်စဉ်။ (က-ပ)

ကလော အင်းခေါင်းစံပြကျေးရွာ အင်းခေါင်းရေထွက်မှ ဆည်တည်ဆောက် အထွက်ကောင်း ရွှေရင်အေးစပါးမျိုးနှင့် ဆီထွက်သီးနှံများစိုက်ပျိုး

ရုပ်ရွာပြည်သူလူထု ဝမ်းစာစပါးနှင့် စားသုံးဆီဖူလုံပိုလျှံ

ရန်ကုန် စက်တင်ဘာ ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စု အင်းခေါင်းစံပြ ကျေးရွာသည် ကလောမြို့နယ် ဟဲဟိုးချိုင့်ဝှမ်းနှင့် ဆက်စပ်လျက်ရှိသဖြင့် အင်းခေါင်းရေထွက်မှ ဆည်တည်ဆောက်ထားရှိပြီး **(အောက်ပုံ)**ပုန်းအင်း လယ်မြေတွင်အထွက်ကောင်း စပါးမျိုး ရွှေရင်အေးစပါးကို စိုက်ပျိုးလျက်ရှိသည်။ ထို့ပြင် နှမ်း၊နေကြာ၊ မြေပဲ စသည့် ဆီထွက်သီးနှံများ စိုက်ပျိုးကြသဖြင့် ရုပ်ရွာပြည်သူ လူထုသည် ဝမ်းစာစပါးနှင့် စားသုံးဆီ ဖူလုံပိုလျှံလျက်ရှိကြောင်း သိရသည်။ ထိုသို့ စီးပွားရေးတိုးတက်ကောင်း မွန်သည့်ပြင် ကျေးရွာပိုင်မီးစက်မှတစ်ဆင့် လမ်းမီး၊ နေအိမ်မီးများ ရရှိနေပြီး မကြာမီ လောပိတရေအားလျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ဆောင်ရွက်နေပြီဖြစ်သည်။ ထို့ကြောင့် ညဘက်တွင် စာသင်ကျောင်း၌ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၃၅ ဦးကို စာဖတ်ခန်းများ ပြုလုပ် ပေးထားပြီး နေအိမ်များ၌ ရုပ်မြင်သံကြား အစီအစဉ်များကြည့်ရှုရာတွင်လျှပ်စစ်မီးကိုအသုံးပြုနိုင်ပြီဖြစ်သည်။

ဖြစ်ထွန်းအောင်မြင်

ယင်းအင်းခေါင်းစံပြကျေးရွာ အပါအဝင် ကလောမြို့နယ်ရှိ ကျေးရွာများသည် တောင်ကုန်းတောင်တန်း များပြားသဖြင့် မြို့နယ်တစ်ခုလုံးတွင် ယာစပါးစိုက်ဧက ၂၇၀၀၀ဧက ရှိပြီး လယ်စပါး စိုက်ဧက ၇၆၃၂ ဧက စိုက်ပျိုးကြသဖြင့် မြို့နယ်၌ လူဦးရေပေါင်း ၁၃၇၈၇၉ဦးအတွက် ဝမ်းစာဖူလုံမှု ရာခိုင်နှုန်း ၁၀၀ဒသမ၉ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။ ထိုသို့ ဝမ်းစာဖူလုံသည့် မြို့နယ် ဖြစ်သကဲ့သို့ နှမ်း၊ နေကြာ၊ မြေပဲ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံစိုက်ဧက တစ်သောင်းကျော် စိုက်ပျိုးကြသဖြင့် စားသုံးဆီဖူလုံမှု ရာခိုင်နှုန်း ၁၀၈ ဒသမ၈၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ ထို့အတူ ပြောင်း၊ ပဲစင်းငုံ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ စသည့် အခြားသီးနှံမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

ဖွံ့ဖြိုးတိုးတက်လာ

ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်သည့် ဓာတ်မြေဩဇာများကို စနစ်တကျ အသုံးပြုကြသည့် အပြင် အဓိကလိုအပ်သည့် သဘာဝ မြေဩဇာကို အီးအမ်ဘိုကာရှီကျင်းများ နေအိမ်များတွင် ပြုလုပ်၍ အသုံးပြုလျက် ရှိကြောင်း တွေ့ရှိရသည်။ အင်းခေါင်းစံပြကျေးရွာနှင့် ပတ်ဝန်းကျင် ကျေးရွာများသည် ကျေးရွာပိုင် ထင်းစိုက်ခင်းများ၊ ခြံစည်းရိုး ကြက်ဆူပျိုးဥယျာဉ်နှင့် စိုက်ခင်းများအပြင် သရက်၊ ထောပတ်စသည့် နှစ်ရှည်ပင် စိုက်ခင်းများကိုလည်း စနစ်တကျ စိုက်ပျိုးထုတ်လုပ်နေကြသဖြင့် ကျေးရွာ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာသည်။

လာရောက်အပန်းဖြေ

သို့ဖြစ်ရာ အင်းခေါင်းစံပြကျေးရွာကဲ့သို့ပင် ကလောမြို့နယ်ရှိ ကျေးရွာတိုင်း ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် အတူ ကလောမြို့သည်လည်း ယခုအခါ မြို့ပြအင်္ဂါရပ်များ ပြည့်စုံလာပြီး နိုင်ငံတကာခရီးသွား ဧည့်သည်များ လာရောက်အပန်းဖြေနားနေကြသည့် မိုတယ်၊ ဟိုတယ်များ တောင်ပေါ်ရှုခင်း သာစခန်းများဖြင့် ဖွံ့ဖြိုးစည်ပင်လျက်ရှိသည်။

(ပြည်နယ် ပြန်/ဆက်)



မဟာစည်ဆရာတော်ကြီး ရေးသားသော ဝိပဿနာ ရှုနည်းကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေမည်

ရန်ကုန် စက်တင်ဘာ ၁၃

မဟာစည် ဆရာတော်ကြီး ရေးသားတော်မူခဲ့သည့် ဝိပဿနာရှုနည်းကျမ်းစာမူကို ပြန်လည်တွေ့ရှိခဲ့သဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမင်းဆွေက အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီး ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ပါမောက္ခချုပ်ဟောင်း ဆရာတော် ဒေါက်တာသီလာနန္ဒာ ဘိဝံသက တည်းဖြတ်သုတ်သင်ပေးခဲ့သော ဝိပဿနာရှုနည်းကျမ်း(ပ+ဒု)ကို စာမူမှ စာအုပ်အဖြစ်သို့ပုံနှိပ်ကာ စာအုပ်အဖြစ် ပုံနှိပ်ပြီးပါက မြန်မာနိုင်ငံအတွင်းနှင့် နိုင်ငံခြားရှိ ရိပ်သာခွဲများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် နိုင်ငံခြားသားယောဂီများကို ဓမ္မဒါနအဖြစ် လှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

14-9 (06) 1 9/14/07, 1:36 AM

ဇီဝိတဒါနသံဃာ့ဆေးရုံ ထာဝရ ဆေးပဒေသာပင်စိုက်ထူ တိုင်းမှူးဗိုလ်ချုပ်လှဌေးဝင်း တက်ရောက် အလှူငွေပေးအပ်

ရန်ကုန် စက်တင်ဘာ ၁၃

ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် ထာဝရဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ၁နာရီက ရန်ကုန်တိုင်း ဗဟန်းမြို့နယ်ရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ တက်ရောက်၍ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

အစီအစဉ်အရ ဇီဝိတဒါန သံဃာ့ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ ကျန်းမာရေး ဆိုင်ရာ ဆောင်ရွက်နေမှုများကို တင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌေးဝင်းက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တိုင်းမှူးနှင့် ဇနီး ဒေါ်မာမာဝေတို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီးအတွက် ထာဝရဆေးပဒေသာပင် အလှူငွေကျပ်၁၀သိန်းကို ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်က လက်ခံသည်။

လှည့်လည်ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့်ဇနီးတို့က ဆေးကုသမှုခံယူနေသော သံဃာတော်နှင့် သီလရှင်များအား လှည့်လည်ကြည့်ရှုအားပေး၍ အလှူငွေများ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓ သာသနာပြု မြန်မာကျောင်း တော် ကြီး ဖြစ်မြောက်ရေး ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် တိုက် ၆ အခန်း၁၀ လမ်း၅၀ ဗိုလ်တထောင်မြို့နယ်နေ ဒေါ်ကျင်နွယ်၊ ဩစတြေးလျ နိုင်ငံ ပါတ်သ်မြို့မှ မေသန်းခင် ကောင်းမှု ငွေကျပ်တစ်သိန်းကို အထွေထွေအတွင်းရေးမှူး ဦးမင်းလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)



ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ရှေ့လုပ်ငန်းစဉ်များ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းလုပ်ကိုင်

ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် စက်တင်ဘာ၁၀ရက် မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ကုန်သည်လမ်းရှိ ပို့ဆောင်ရေးဦးစီးဌာန(ရန်ကုန်) ရုံးခွဲ အစည်းအဝေးခန်းမဆောင်၌ ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဌေးအောင်နှင့် မြို့နယ်အလုပ်အမှုဆောင်များအား တွေ့ဆုံ၍ အသင်းအတွင်းရေးမှူး၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်များ၊ ဦးတည်ချက်များ၊ အသင်းကြီး၏ ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်းပါဝင် လုပ်ကိုင်ကြရေး၊ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရေး၊ လူမှုရေး၊ စည်းရုံးရေး လုပ်ငန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ကြရေးတို့ကို အသေးစိတ်မှာကြားကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

စက်ရုံ၏ ထုတ်လုပ်မှုလျာထားချက် ပြည့်မီကျော်လွန်ရေး စနစ်တကျစီမံ

စက်ပစ္စည်းအမယ်သစ်များ တိုးတက်တီထွင် ထုတ်လုပ်

နေပြည်တော် စက်တင်ဘာ ၁၃

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်သည် တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ၈ရက် မွန်းလွဲပိုင်းက မကွေးတိုင်း မကွေးမြို့နယ်ရှိ အလူမီနီယံဝိုင်ယာကြိုး ထုတ်လုပ်မှုစက်ရုံ စီမံကိန်း လျာထားမြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ မြန်မာ့စက်ရုံနှင့် အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများက စက်ရုံလျာထားမြေနေရာ၏ မြေပြင်အနေအထား၊ စက်ရုံဧရိယာ ပတ်ဝန်းကျင် အခြေအနေ၊ လျှပ်စစ်ဓာတ်အားနှင့် ရေရရှိနိုင်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးက စက်ရုံ လျာထားဧရိယာကို လိုအပ်သော တိုင်းတာစစ်ဆေးမှုများ ဆောင်ရွက်ထားရှိရန်၊ စက်ရုံအဝင်လမ်း ဖောက်လုပ်နိုင်ရေးအတွက် လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး စီမံကိန်းမြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထိုမှတစ်ဆင့် ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် မကွေးတိုင်း မင်းလှမြို့နယ်ရှိ အမှတ်(၂)လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(မလွန်) စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူး ဦးခင်မောင်ထွန်းက စက်ရုံ၏ ၂၀၀၇–၂၀၀၈ခု ဘဏ္ဍာရေးနှစ်အတွင်း ထုတ်လုပ်မှု အခြေအနေ၊ လစဉ် လျာထားချက်အလိုက် အကောင်အထည်ဖော်နိုင်မှု အခြေအနေ၊ စက်ရုံ၏ဝင်ငွေနှင့် အသုံးစရိတ် အခြေအနေနှင့်ကုန်ကြမ်းပစ္စည်းများ ဝယ်ယူစုဆောင်းထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြရာ ရှင်းလင်း တင်ပြချက်အပေါ် ဝန်ကြီးက စက်ရုံ၏ ထုတ်လုပ်မှုလုပ်ငန်းများကို ယခု ဘဏ္ဍာနှစ်တွင် လျာထားချက် ပြည့်မီကျော်လွန်ရေး အတွက် စနစ်တကျ စီမံဆောင်ရွက်ထားရှိရေး၊ စက်ပစ္စည်း အမယ်သစ်များ တိုးတက်တီထွင် ထုတ်လုပ်ရေး၊ အရည်အသွေးပြည့်မီစေရေးနှင့်သတ်မှတ်စံချိန်စံညွှန်းများ ကိုက်ညီမှုရှိစေရေး၊ ထုတ်လုပ်မှုကုန်ကျစရိတ် လျော့နည်းရေး၊အလေအလွင့်နည်းပါးရေး၊လျှပ်စစ် နှင့် စက်သုံးဆီ ချွေတာရေးတို့ကို ဆွေးနွေး မှာကြားသည်။

အစိတ်အပိုင်း

ထို့နောက် ဝန်ကြီးသည် သံပုံထောင်းနှင့် မာရှိန်ပြောင်းအလုပ်ရုံတွင် သံထည်ပစ္စည်း အစိတ်အပိုင်းများ ပုံဖိခြင်းနှင့် အမာတင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများ၊ စက်ပစ္စည်း အလုပ်ရုံတွင် စက်ပစ္စည်းအစိတ်အပိုင်းများအား စက်ခုတ်စားထုတ်လုပ်နေမှုများနှင့် စက်ရုံမှ တပ်ဆင် ထုတ်လုပ်ပြီးစီးသည့် မြင်းကောင်ရေအား ၅၀နှင့် ၈၀ရှိ လယ်ထွန်စက်များ ပြသထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများကရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သာကေတမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ် (၁)၏ ၂၀၀၆–၂၀၀၇ပညာသင်နှစ် မိဘဆရာအသင်းနှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၁ရက်က မြဝတီခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်သော မပိုးဇာလီသူအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသက်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၂၅၈)

မြောက်ဥက္ကလာပ ပြန်/ဆက် ဦးစီးဌာန စာကြည့်တိုက် ဖွံ့ဖြိုးရေးဆွေးနွေးပွဲနှင့် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

မြောက်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ နယ်လှည့်စာကြည့်တိုက်ဖွင့်ပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲ၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲနှင့် စာဖတ်ဝိုင်းအခမ်းအနားကို ဩဂုတ် ၃၀ရက်က (ည)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သုတအလင်းရောင်စာကြည့်တိုက်၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်ဌေးက အဖွင့်အမှာစကားပြောကြားပြီး**(ယာပုံ)** မြို့နယ်ဦးစီးမှူး ဒေါ်ရီရီရှန်က စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး၍ စာဖတ်ဝိုင်းဆက်လက်ကျင်းပရာ ရပ်ကွက်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်လှလှမြင့်က ဩဂုတ်၁၅ရက်ထုတ် ဒို့ကျေးရွာဂျာနယ်မှ စာတည်းမှူး၏ အလုပ်ခေါင်းကြီးကို ဖတ်ကြားပြီး ဆွေးနွေးတင်ပြသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်နှင့် ယူနန်ပြည်နယ် ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

ရန်ကုန် စက်တင်ဘာ ၁၃

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းဝင်းနှင့် ဦးအောင်လွင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် Development and Reform Committee မှ ဒုတိယဥက္ကဋ္ဌ Mr. Wang Minzheng ခေါင်းဆောင်၍ အဖွဲ့ဝင်ကိုးဦးပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၇ရက်က ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ကုန်သွယ်မှုတိုးမြှင့်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများ၊ ယူနန်ပြည်နယ်ကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံကုန်သည်/စက်မှုအသင်းချုပ်တို့ ပူးပေါင်း၍ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနှင့် နယ်စပ်ကုန်သွယ်မှုလုပ်ငန်းတို့တွင် အဆင်ပြေမှုရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စတို့ကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

❒ **ရှေ့ဖုံးမှ**

ပြင်ပဖြေဆိုရန် လျှောက်လွှာ တင်သွင်းသူများ၏ စာမေးပွဲဝင်ကြေးငွေများကို သက်ဆိုင်ရာမြို့နယ် ပညာရေးမှူးရုံးများ၌ စာမေးပွဲဝင်ကြေးငွေ အတွက် ကျသင့်ငွေသွင်း တံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ် ပညာရေးမှူးရုံးတွင် ၂၀၀၇ခုနှစ် အောက်တိုဘာ ၁ရက်မှ ၃၁ရက်အတွင်း တင်သွင်းကြရမည် ဖြစ်သည်။

သတ်မှတ်ရက်အမီ တင်သွင်း

အခြေခံပညာ အထက်တန်းကျောင်းများ ကျောင်းခွဲများနှင့် တွဲဖက်ကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာ တင်သွင်းမည့် ကျောင်းသားကျောင်းသူများ၏ စာမေးပွဲဝင်ကြေး အတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး ကျသင့်ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး လျှောက်လွှာတစ်စောင်ချင်းတွင် ကပ်၍စုပေါင်းပြီး မြန်မာနိုင်ငံ စာစစ်အဖွဲ့ရုံးသို့ ၂၀၀၇ခုနှစ် အောက်တိုဘာ ၁ရက်မှ နိုဝင်ဘာ ၁၅ရက် အတွင်း သတ်မှတ်ရက်အမီ တင်သွင်းကြရမည်ဖြစ်သည်။ သတ်မှတ်ထားသော ရက်များအတွင်း အချိန်မီပေးပို့ခြင်း မရှိသူများသည် စာမေးပွဲဖြေဆိုခွင့်ရရှိကြမည် မဟုတ်ကြောင်းနှင့် စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည်မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲ အလိုက်ပုံစံများမှန်ကန်မှု ရှိ၊မရှိ သေချာစွာစစ်ဆေးပြီး မှန်ကန်စွာ ဖြည့်စွက်ပေးပို့ကြရန် ဖြစ်ကြောင်း သတိပြုစေလိုသည်။

လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်တက္ကသိုလ်နယ်မြေရှိ မြန်မာနိုင်ငံစာစစ်အဖွဲ့ (ဖွဲ့ကပင်ဆောင်) တွင်လာရောက်ဝယ်ယူနိုင်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း သင်တန်းဖွင့်မည်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၏ Training Centre ဌာနခွဲက ကြီးမှူး၍ Basic Level Grade II Welding စာတွေ့ လက်တွေ့သင်တန်းကို စက်တင်ဘာ ၂၄ရက်တွင် စတင်ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။ သင်တန်းကို အသက် ၂၀မှ ၄၀အကြားရှိ ကျန်းမာသန်စွမ်းပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ အမျိုးသားများ လျှောက်ထားနိုင်သည်။

ဤသင်တန်းတွင် Basic Courseနှင့် Intensive Courseဟူ၍သင်တန်းနှစ်ဆင့် ခွဲခြားပို့ချမည်ဖြစ်သည်။ သင်တန်းအောင်လက်မှတ်ကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းက ထုတ်ပေးမည်။ သင်တန်းတက်ရောက်အောင်မြင်ပြီးသူများသည် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းနှင့် ဂျပန်နိုင်ငံ JFEE & KBSတို့ ပူးပေါင်းစီစဉ်စေလွှတ်မည့် Advance Weldingသုံးနှစ် သင်တန်းသို့ တက်ရောက်ခွင့်ဖြေဆိုရရှိရေး စိစစ်သော လက်တွေ့စာမေးပွဲကို ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဝင် CMC ကုမ္ပဏီဝန်ထမ်းများ၊ ပြင်ပမှ စိတ်ဝင်စားသူများသည် သင်တန်းမန်နေဂျာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၆ လိုင်းခွဲ ၃၀၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

အလက(၁)တာမွေ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၁၃

အလက(၁)တာမွေတွင် ၁၉၅၈ ခုနှစ်မှ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သော ဆရာကြီးဆရာမကြီးများအား ၎င်းနှစ်များတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက (ဒုတိယအကြိမ်) မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ရေးညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၁၆ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဦးမြင့်သိန်း (ကျောင်းအုပ်ကြီး) ဖုန်း-၅၆၃၄၈၄၊ ဒေါ်အေးမြင့်ကြည် ဖုန်း-၅၅၄၁၇၅၊ ဒေါ်ကြည်ကြည်ဝင်း ဖုန်း-၅၅၄၁၇၅၊ ဗိုလ်မှူး ထွေးစံဖြူ (ငြိမ်း)ဖုန်း-၀၉-၅၁၆၂၀၃၈၊ ၂၉၆၄၄၅၊ ဦးသိန်းနိုင် ဖုန်း-၅၅၅၁၇၇၊ ၀၉-၅၁၄၁၀၇၇၊ ဦးဝင်းနိုင် ဖုန်း-၇၀၇၇၇၄၊ ၀၉-၅၁၇၃၃၇၂၊ ကိုအောင်မျိုးကျော် ဖုန်း-၅၅၃၇၆၀၊ ဒေါ်တင်မမခိုင် ဖုန်း-၅၅၄၃၆၅၊ မစိုးစိုးမာ ဖုန်း-၅၅၂၂၀၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ရောဝတီတိုင်း သာသနာရေးမှူးရုံးသို့ ကွန်ပျူတာလှူဒါန်း

ရန်ကုန် စက်တင်ဘာ ၁၃

ဧရာဝတီတိုင်း ပုသိမ်မြို့ တိုင်းသာသနာရေးမှူးရုံးတွင် သာသနာရေးရာ၊ ပညာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပထမပြန်စာမေးပွဲဆိုင်ရာ လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ဧရာဝတီတိုင်း ပန်းတနော်မြို့နယ် အမှတ် (၂)နယ်မြေ မြို့မကွက်သစ်နေ ဦးကျော်ဆန်းနှင့်ဇနီး သီဟသုဓမ္မသိင်္ဂီ ဒေါ်ညွန့်ညွန့်ဝင်းတို့က ငွေကျပ် ခုနစ်သိန်းလေးသောင်းသုံးထောင်တန်ဖိုးရှိ ကွန်ပျူတာနှင့်ပရင်တာတစ်စုံကို စက်တင်ဘာ ၁၂ရက်က တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် တိုင်းဝိနည်းဓိုရ်ဆရာတော်တို့၏ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ ဧရာဝတီတိုင်း သာသနာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဇော်ဦးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (က-ပ)**

မကွေးခရိုင် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

မကွေးတိုင်း မကွေးခရိုင် ၂၀၀၇ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၆ရက် နံနက်က မကွေးမြို့ မြို့တော်ခန်းမ၌ကျင်းပရာ မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆန်းဦးက ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

အားပေး

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ မကွေးခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မကွေးခရိုင်အတွင်းရှိ ခြောက်မြို့နယ်မှ ပြိုင်ပွဲဝင်အနုပညာရှင်များ၊ အသင်းအုပ်ချုပ်သူများ၊ ဝါသနာရှင်မိဘပြည်သူများက ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၇ရက်ည ၇နာရီက မြို့တော်ခန်းမ၌ ကျင်းပရာ အဆင့်အလိုက်ဆုရရှိကြသူများအား မကွေးခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆန်းဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိကြသူများက ပြန်လည်တင်ဆက် ဖျော်ဖြေခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)

● **ကျောဖုံးမှ**

ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းမှူးသည် မိုင်းပေါက်မြို့နယ်အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံရာ ရှေးဦးစွာ မိုင်းပေါက်ဒေသဖွံ့ဖြိုးရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကိုက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ကြိုးပမ်းဆောင်ရွက်

ထို့နောက် တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မိုင်းပေါက်မြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ပညာရေးငွေပဒေသာပင်အတွက် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)က လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀၊ ကျောင်းသုံး ကွန်ပျူတာတစ်စုံတပ်ဆင်အသုံးပြုရန် လှူဒါန်းငွေကျပ် ၈၅၀၀၀၀၊ စာသင်ခုံ ၁၀စုံနှင့် မိုင်းပေါက်ဒေသအတွင်း တာဝန်ထမ်းဆောင်နေကြသည့် ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ၊ ဆန်၊ကြက်သွန်၊အာလူးနှင့်စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ ဒေသဖွံ့ဖြိုးရေးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးကိုနှင့် ကျောင်းအုပ်ဆရာကြီးဦးအောင်မြိုင်တို့ လက်ခံရယူကြသည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် မိုင်းပေါက်မြို့နယ် ရပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၊ ရေဒီယိုကြေးနန်းရုံးနှင့်ဆက်သွယ်ရေးစခန်း(စာတိုက်)တို့သို့ သွားရောက်ကြည့်ရှု စစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိန္ဒိယသမ္မတနိုင်ငံ မွန်ဘိုင်းမြို့တွင် တည်ဆောက်လျက်ရှိသည့် ကမ္ဘာ့ဝိပဿနာစေတီတော်မြတ်ကြီးအတွက် ကျောက်မြောင်းရပ်ကွက် ဓမ္မစိန္တာလမ်း အမှတ် ၄ နေ ဒေါ်ကြည်မိသားစုက အလှူငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)



ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

* *နာဆာသုတေသနပညာရှင်များက အာကာသတွင် ဓာတ်ငွေ့များ ဖုံးလွှမ်းနေသော ဂြိုဟ်တစ်ခုကို စက်တင်ဘာ ၁၂ ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါဂြိုဟ်သည် ကမ္ဘာမှ အလင်းနှစ် ၄၅၀၀ ခန့်တွင် တည်ရှိနေကြောင်း နာဆာအဖွဲ့က သတင်းထုတ်ပြန်လိုက်သည်။*

* **လစ်သူယေးနီးယားနိုင်ငံ ဗီလ်နပ်စ်လေဆိပ်တွင် စက်တင်ဘာ ၁၂ ရက်က ခရီးသည် ၅၂ ဦး တင်ဆောင် ပျံသန်းလာသော လေယာဉ်တစ်စင်း လေဆိပ်သို့အဆင်းတွင် ချွတ်ယွင်းခဲ့သဖြင့် ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း လစ်သူယေးနီးယား မီဒီယာများက ဖော်ပြသည်။**

* *ဗီယက်နမ်နိုင်ငံ အလယ်ပိုင်း ကျန်ဒန်းခရိုင်အတွင်း ရှေးဟောင်းလက်နက်များကို စက်တင်ဘာ ၁၂ရက်က ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါလက်နက်မှာ အရှည် ၃၆ စင်တီမီတာခန့်နှင့် အလေးချိန် လေးကီလိုဂရမ်ခန့်ရှိကြောင်း၊ ထိုလက်နက်များမှာ ၁၃ ရာစုမှ ၁၉ ရာစုအတွင်း ရှေးခေတ်လူသား တို့ သုံးစွဲခဲ့သည့် လက်နက်များဖြစ်ကြောင်း ဗီယက်နမ်သုတေသနပညာရှင်များက ခန့်မှန်းသည်။*

* **ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် စက်တင်ဘာ ၁၂ ရက်က လက်နက်ကိုင်များ တိုက်ခိုက်မှုကြောင့် ပါကစ္စတန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံး ပြီး ခြောက်ဦး ဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

* *ဘရာဇီးနိုင်ငံမြောက်ပိုင်း ဆန်ပီဒရို ပြည်နယ်တွင် စက်တင်ဘာ ၁၂ ရက်က တောမီးလောင်ကျွမ်းမှု ဖြစ်ပွားရာ အနီးဝန်းကျင်ကျေးရွာများ၌ နေထိုင်ကြသော ဒေသခံတို့၏ နေအိမ်များ မီးလောင်မှုဒဏ်ခံရကြောင်း၊ သစ်တောမြေဟက်တာများစွာ မီးလောင်ခြင်းခံရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

* **မက္ကဆီကိုနိုင်ငံ အလယ်ပိုင်း တီလက်ကာလာပြည်နယ်တွင် စက်တင်ဘာ ၁၂ရက်က ဓာတ်ငွေ့ပိုက်လိုင်းအားဖုံးခွဲတိုက်ခိုက်မှုကြောင့် မီးလောင်မှုများဖြစ်ပွားရာ အနီးဝန်းကျင်ရှိ ဒေသခံပြည်သူ ထောင်ပေါင်းများစွာအား ဘေးကင်းရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

* *အမေရိကန်နိုင်ငံ တက်ဆက်စ်ပြည်နယ်တွင် စက်တင်ဘာ ၁၃ရက် နံနက်ပိုင်းက ဟာရီကိန်းမုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်ရာ မိုးသည်းထန် ခဲ့ပြီး ရေလွှမ်းမှုများဖြစ်ပေါ်ကာ နေအိမ်အများအပြားလည်း ပျက်စီးသွားကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။*

* **အာရပ်စော်ဘွားများ ပြည်ထောင်စု(ယူအေအီး)မှ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို စက်တင်ဘာ ၁၂ ရက်က အာကာသသို့ လွှတ်တင်လိုက်သည်။ အဆိုပါဂြိုဟ်တုသည် ယခင် လွှတ်တင်ထားသော ဆက်သွယ်ရေး ဂြိုဟ်တုနှစ်လုံးကို အထောက်အကူပြုပေးနိုင်မည်ဖြစ်ကြောင်း ယူအေအီး မီဒီယာများက ဖော်ပြသည်။** (ဝဲပုံ) (အင်တာနက်)

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ဗီတာမင်အီး ပုံမှန်မှီဝဲလျှင် သွေးကြောပိတ်ဆို့မှုလျော့နည်း

ဗီတာမင်အီးကို ပုံမှန်မှီဝဲသူများသည် အထူးသဖြင့် အမျိုးသမီးများ၌ သွေးကြောပိတ်ဆို့မှုဖြစ်ပွားခြင်းကို လျော့နည်းကျဆင်းစေကြောင်း အမေရိကန်သုတေသနပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

သုတေသနပြုချက်

ခန္ဓာကိုယ်အတွင်းသွေးကြောပိတ်ဆို့မှုများကို ဗီတာမင်အီးတွင် ပါဝင်သောဓာတ်များက ချေဖျက်ပေးနိုင်ကြောင်း၊ ထို့အပြင်သွေးသန့်ရှင်းမှုများကိုလည်း အထောက်အကူပြုပေးနိုင်ကြောင်း အဆိုပါ သုတေသနပြုချက်၌ ဖော်ပြထားသည်။

သွေးကြောပိတ်ဆို့

အမေရိကန်သုတေသနပညာရှင်များအနေဖြင့် အသက် ၄၅နှစ်အရွယ် အမျိုးသမီး ၃၉၈၇၆ဦးကို သုတေသနပြုခဲ့ရာ ဗီတာမင်အီး ပုံမှန်သောက်သုံးသူများသည် သွေးကြောပိတ်ဆို့မှုနှင့် ပတ်သက်သောရောဂါများ ဖြစ်ပွားမှုနည်းပါးကြကြောင်း တွေ့ရှိရသည်ဟုဆိုသည်။

လျော့နည်းစေ

ဗီတာမင်အီးသည် အဆုတ်၊ နှလုံးနှင့် ဦးနှောက်များသို့ သွေးစီးဆင်းမှု ကောင်းမွန်စေအောင် အထောက်အကူပြုကြောင်း ထို့အပြင် နှလုံးရောဂါဖြစ်ပွားမှုကိုလည်း လျော့နည်းစေကြောင်း ယင်းသုတေသနပြုချက်၌ ဖော်ပြသည်။ (အင်တာနက်)

အတွေးအမြင်ဆန်းသစ်သည့် လှပသော ဆားဗီးယားပန်းချီပြပွဲ

ရန်ကုန် စက်တင်ဘာ ၁၃

ဆားဗီးယားအနုပညာပန်းချီလက်ရာများကို မြန်မာပြည်သူများ ထိတွေ့ခံစားနိုင်ရန်အတွက် **“လှပသော ဆားဗီးယားပန်းချီပြပွဲ”** ဟု အမည်ပေးထားသည့် ပန်းချီပြပွဲဖွင့်ပွဲကို ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ပြည်လမ်း အမှတ် ၃၄၀ရှိ ပြင်သစ်ယဉ်ကျေးမှုဌာန၌ စက်တင်ဘာ ၁၃ရက် ညနေ၄နာရီက ကျင်းပခဲ့သည်။



သတင်း-မြင်ကွင်း – မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ – တင်စိုး (မြန်မာ့အလင်း)

ထို့အတူ **“မြင်ကွင်း”**ဟု အမည်ပေးထားသောပန်းချီကားမှာ အိမ်ခန်းတစ်ခုအတွင်းမှနေ၍ အပြင်ကို မြင်တွေ့ရပုံကို အရောင်၊ အရိပ်များအား ပိုင်နိုင်စွာအသုံးပြု ရေးဆွဲထားခြင်းဖြစ်သည်။ အလင်း၊ အမှောင်တို့၏ အားပြိုင်မှုများကိုလည်း တွေ့မြင်ရသည်။ ထိုပန်းချီကားမှာလည်း ကြေးပြားပေါ်တွင်ရေးဆွဲပြီး လက်လုပ်စက္ကူပေါ်တွင် ဖိကပ်ပုံနှိပ်ထားသော ပန်းချီကားဖြစ်သည်။

တစ်ဖန် **“ဝရန်တာ”**ဟုအမည်ပေးထားသော ပန်းချီကားမှာလည်း အမြင်ဆန်းစွာ မြင်တွေ့ရသည်။ အထပ်မြင့် အဆောက်အအုံတစ်ခု၏ မျက်နှာစာရှိ ဝရန်တာများကို တစ်ပြေးညီ မြင်ကွင်းရှုထောင့်မှ ခြယ်မှုန်းတင်ပြထားခြင်းဖြစ်သည်။ ပွင့်လင်းမှု စိတ်ခံစားမှုများကိုပေးသော ပန်းချီကားဖြစ်သည်။

ကြည့်ရှုလေ့လာနိုင်

ထို့အတူ **“စပျစ်ပင်”** အမည်ရှိ ပန်းချီကား၊ **“နံနက်ခင်း”** အမည်ရှိ ပန်းချီကားများမှာလည်း ကြည့်ရှုသူရင်ကို ခံစားမှုတစ်ခုစီ ပေးစွမ်းနိုင်သော ပန်းချီကားများ ဖြစ်သည်။ ဆားဗီးယားပန်းချီဆရာမ စူဇန်နာဗု(ချ်)ကိုဗချ်၏ **“လှပသော ဆားဗီးယားပန်းချီပြပွဲ”**မှာ လက်ရာအဆင့်အတန်း မြင့်မားသော ပန်းချီပြပွဲဖြစ်ရာ စက်တင်ဘာ ၁၃ရက်မှ ၂၄ရက်အထိ မည်သူမဆို လာရောက်ကြည့်ရှု လေ့လာနိုင်ပါကြောင်း သတင်းစကား ရေးသားတင်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

စပျစ်ပင် ပန်းချီကား

စပျစ်ပင် အမည်ရှိသော ပန်းချီကားကို ဤသို့ ထူးခြားစွာ ရေးခြယ်ထားသည်ကို တွေ့ရသည်။ (မြန်မာ့အလင်း)

ကြည့်ရှုအားပေး

ဆားဗီးယား အနုပညာ ပန်းချီပြပွဲ ဖွင့်ပွဲ အခမ်းအနားတွင် ဖိတ်ကြားထားသော ဧည့်သည်တော်များ ဤသို့ ကြည့်ရှု အားပေးခဲ့ကြသည်။ (မြန်မာ့အလင်း)

ပြောကြား

ထိုပန်းချီပြပွဲဖွင့်ပွဲသို့ ဖိတ်ကြားထားသော ပုဂ္ဂိုလ်များနှင့် သတင်းမီဒီယာသမားများ စုံစုံလင်လင် တက်ရောက်ခဲ့ကြပြီး တာဝန်ရှိသူများက ပန်းချီပြပွဲ ခင်းကျင်းပြသမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပန်းချီပြပွဲ တက်ရောက်လာသူများ၏ သိလိုသည့်အချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ခြယ်မှုန်းတင်ပြ

လှပသောဆားဗီးယားပန်းချီပြပွဲတွင် ဆားဗီးယားပန်းချီဆရာမ စူဇန်နာဗု(ချ်)ကိုဗချ်၏ ပန်းချီလက်ရာပေါင်း ၄၈ကားကို ခင်းကျင်းပြသထားသည်။ ပန်းချီကားအားလုံးသည် ပို့စကတ်ဆိုက်အရွယ်မှ တစ်လက်မခွဲ၊ နှစ်လက်မအထိ အရွယ်အစားမျိုးစုံ ပါဝင်သည်။ ပန်းချီကားအများစုသည် ပြတင်းပေါက်များ၊ တံခါးများ၊ ဝရန်တာများနှင့် လမ်းများ၏ မြင်ကွင်းအဖုံဖုံကို ရှုထောင့်အမျိုးမျိုးမှ ထူးခြားဆန်းသစ်သော အတွေးအခေါ်နှင့် ရေးဆွဲဟန်များ ပူးပေါင်းကာ ခြယ်မှုန်းတင်ပြထားခြင်းဖြစ်သည်။

အမြင်ဆန်း

ထိုပန်းချီကားများအနက်**“လမ်းမကြီး”**ဟု အမည်ပေးထားသော ပန်းချီကားမှာ ဆားဗီးယားနိုင်ငံ မြို့ကြီးတစ်မြို့၏ လမ်းမတစ်ခု မြင်ကွင်းကို ရေးဆွဲတင်ပြထားခြင်းဖြစ်သည်။ ဆားဗီးယားပန်းချီဆရာ အနေဖြင့် ထိုပန်းချီကားကို ကြေးပြားပေါ်တွင်ရေးဆွဲပြီး လက်ဖြင့် ပြုလုပ်ထားသော စက္ကူပေါ်၌ ဖိကပ်ပုံနှိပ်လိုက်ခြင်းပင်ဖြစ်သည်။ အမြင်ဆန်းသည့် ပန်းချီကားတစ်ချပ်ပင် ဖြစ်သည်။



မြင်ကွင်း ပန်းချီကား

အလင်း အမှောင် တို့၏ အားပြိုင်မှုကို ရေးဆွဲထား သော မြင် ကွင်း ပန်းချီကား မှာ လည်း ကြည့် ရှုသူ ကိုဆွဲဆောင် နိုင်သည်။ (မြန်မာ့အလင်း)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးနှိမ်နင်းရေးအတွက် ခြင်ထောင်စိမ်ဆေးပြားဖြင့် လက်တွေ့သရုပ်ပြနေမှုကို ကြည့်ရှုအားပေးကြစဉ်။ (မြို့တော်စည်ပင်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လက်တွေ့သရုပ်ပြပွဲ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၌ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ကျောင်းကျန်းမာရေးအထောက်အကူပြု လုပ်ငန်းစီမံချက်အရ စက်တင်ဘာလအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးပညာပေးဆောင်ရွက်မှု ဒုတိယပတ်လုပ်ငန်းစဉ်အဖြစ် လက်တွေ့သရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် စီမံရေးရာဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်တို့ တက်ရောက်အားပေးကြသည်။

တက်ရောက်

အဆိုပါသရုပ်ပြပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်၊ ရန်ကုန်တိုင်း ဒေသစည်းရုံးရေးမှူး ဒေါ်ခင်ညွန့်မြိုင်၊ ပဲခူးတိုင်း ဒေသစည်းရုံးရေးမှူးဒေါ်ဝေဝေသင်းနှင့် အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ၊ ပညာရေးတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် ဒေါ်ထူးထူးအောင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ရန်ကုန် တိုင်း၊ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များအား ကျောင်းခန်းမ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာကြည်ကြည်သန်း၊ ကမာရွတ်မြို့နယ် ကျန်းမာရေး ဦးစီးမှူး ဒေါက်တာမြင့်မြင့်လွင်နှင့် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း ကျောင်းအုပ်ကြီးဒေါက်တာဦးနန္ဒာထွန်းတို့က ကမာရွတ်မြို့နယ်ရှိ ရပ်ကွက်ပေါင်း ၁၀ရပ်ကွက်တို့တွင် အိမ်ခြေများ တည်ရှိမှု၊ နေထိုင်သည့် လူဦးရေ၊ အခြေခံပညာကျောင်းများ တည်ရှိမှု၊ သောက်သုံးရေ ရရှိမှု အခြေအနေများ၊ မြို့နယ်ရှိ ရပ်ကွက်များ၌ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားခဲ့မှု၊ ရောဂါကာကွယ်တားဆီးရေးနှင့် အသိပညာပေး လုပ်ငန်းများကို ရပ်ကွက်များ၊ ကျောင်းများနှင့် ရန်ကုန် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းတို့၌ စဉ်ဆက်မပြတ် ဆောင်ရွက်နေမှု အခြေအနေများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးက ကျောင်းများနှင့် မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆွေးနွေး

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် ကျန်းမာရေးဦးစီးဌာနနှင့် စည်ပင်သာယာကျန်းမာရေးတို့မှ ဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ကျောင်းသား ကျောင်းသူများအား ခြင်ထောင်စိမ် ဆေးပြားဖြင့် ဆေးစိမ်လက်တွေ့ သရုပ်ပြသခြင်း၊ ရေနုတ်မြောင်းများနှင့် ကျောင်းဝင်းအတွင်း ဆေးဖျန်းခြင်း၊ ဆေးငွေ့မှုတ်ခြင်း ဆောင်ရွက်နေမှုများကို လိုက်လံ ကြည့်ရှုအားပေးကြပြီး ကျောင်းရေကန်အတွင်း လောက်လမ်းစားငါးများ ထည့်သွင်းမွေးမြူပေးကြကာ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကျောင်းသား ကျောင်းသူ များနှင့် အပြန်အလှန် ရင်းရင်းနှီးနှီး ဆွေးနွေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များသည် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောနေမှုနှင့် ကျောင်းသား ကျောင်းသူများက ရောဂါကာကွယ် နှိမ်နင်းတားဆီးရေး အသိပညာပေးသိရှိမှုများ ပြန်လည် ပြောကြားချက်ကို ကြည့်ရှုအားပေးကြသည်။ **(သတင်းစဉ်)**

ကျေးရွာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော်လယ်ဝေး စက်တင်ဘာ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးချစ်နိုင်သည် ညွှန်ကြားရေးမှူး (ပြန်/ဆက်) ဦးသန်းထွန်းနှင့်အတူ စက်တင်ဘာ ၁၁ရက် မွန်းလွဲပိုင်းက နေပြည်တော်လယ်ဝေးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ရုံးသို့ရောက်ရှိပြီး နံရံကပ်စာစောင်၊ ဓာတ်ပုံပြခန်းများ ခင်းကျင်းပြသထားမှုနှင့် စာကြည့်တိုက်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် မြို့နယ်ရုံး စာကြည့်ခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ၂၀၀၇–၂၀၀၈ခုနှစ်အတွင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဝန်ထမ်းများ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် (၉)ရပ်ကို တိကျစွာ လိုက်နာဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

လှူဒါန်း

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် နေပြည်တော်လယ်ဝေးမြို့နယ်ရှိ မြေရုံးလေးကျေးရွာနှင့် ငှက်ပျောတောကျေးရွာတို့သို့ သွားရောက်၍ အဆိုပါကျေးရွာများ၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ဆောက်လုပ်နေခြင်းကို အားပေးကြည့်ရှုသည်။ ထို့နောက် ကျေးရွာတာဝန်ရှိသူများ၊ စာကြည့်တိုက် ကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံ၍ ကျေးလက်ပြည်သူများ အသိအမြင် ဗဟုသုတ ကြွယ်ဝစေရန် စာဖတ်သည့်အလေ့အထ ပျိုးထောင်ပွားများရေး ဆွေးနွေးပြီး စာစောင်နှင့် ဂျာနယ်များလှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

အရှေ့နှင့်အရှေ့တောင်အာရှဒေသဆိုင်ရာ သစ်တောများထိန်းသိမ်းရေးညီလာခံ ဖွင့်လှစ်

ကွာလာလမ်ပူ စက်တင်ဘာ ၁၃

ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်(ယူအင်န်ဒီပီ)၏ ပံ့ပိုးကူညီမှုဖြင့် အရှေ့နှင့်အရှေ့တောင်အာရှဆိုင်ရာ သစ်တောများ စီမံထိန်းသိမ်းမှုနှင့် ပတ်သက်သော ဒေသဆိုင်ရာ ညီလာခံတစ်ရပ်ကို မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ စက်တင်ဘာ ၁၀ရက်က စတင်ကျင်းပခဲ့သည်။

အဆိုပါ ညီလာခံသို့ သီရိလင်္ကာ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့မှ ကိုယ်စားလှယ် စုစုပေါင်း ၆၅ဦး တက်ရောက်ခဲ့ကြသည်။

အဖွင့်အမှာစကား

နှစ်ရက်ကြာ ကျင်းပသည့် အဆိုပါ ဆွေးနွေးပွဲ၏ ခေါင်းစဉ်မှာ "သစ်တောကာကွယ်ထိန်းသိမ်းမှုနှင့် စီမံမှုဆိုင်ရာ ဒေသတွင်း လှုပ်ရှားမှု" ဟူ၍ဖြစ်သည်။

ဆွေးနွေးပွဲ၌ မလေးရှားနိုင်ငံဆိုင်ရာ ယူအင်န်ဒီပီ၏ ဌာနေကိုယ်စားလှယ် ဒေါက်တာ ရစ်ချက်လီတေးက အဖွင့်အမှာစကား ပြောကြားသည်။

ပြောကြား

သစ်တောများ ထိန်းသိမ်းကာကွယ်နိုင်ရန် စီမံမှုနှင့် လူသားတို့၏ ဖွံ့ဖြိုးတိုးတက်မှုသည် ဆက်စပ်လျက်ရှိကြောင်း ဒေါက်တာ ရစ်ချက်လီတေးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

လာအိုနိုင်ငံ၏ စာတတ်မြောက်ရေးလုပ်ငန်း ယခုနှစ်တွင် ပိုမိုမြှင့်တင်ဆောင်ရွက်မည်

ဟန္နွိုင်း စက်တင်ဘာ ၁၃

လာအိုနိုင်ငံသည် ယခင်နှစ်က စာတတ်မြောက်မှုနှုန်းမှာ အကြမ်းဖျင်းအားဖြင့် ၇၆ရာခိုင်နှုန်းရှိရာမှ ယခုနှစ်တွင် ၇၇ဒသမ၅ရာခိုင်နှုန်းအထိ မြှင့်တင်ရန် စီစဉ်လျက်ရှိကြောင်း လာအိုသတင်းစာ ဗီယန်ကျင်းတိုင်းမ်က စက်တင်ဘာ ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

စာတတ်မြောက်ရမည်

အသက် ၁၅နှစ်မှ၅၀ အတွင်းရှိ လူ ၈၄ရာခိုင်နှုန်းပါဝင်သည့် လာအိုနိုင်ငံလူဦးရေ၏ ၇၇ဒသမ ၅ရာခိုင်နှုန်းသည် ၂၀၀၇ခုနှစ်အကုန်၌ စာတတ်မြောက်ရမည်ဟု ပညာရေးဌာန ဒုတိယဝန်ကြီး ဆင်ဒီယျာနီလာ ချန်သာဘော်န်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းတွင် ဖော်ပြခဲ့ခြင်း ဖြစ်သည်။

လွန်ခဲ့သည့်နှစ်က အမျိုးသမီး တစ်ဝက်ကျော်ပါဝင်သည့် အသက်၁၅နှစ်အထက် လာအိုပြည်သူ ၄၀၀၀၀စာတတ်မြောက်ခဲ့သည်။ ၁၉၇၅ခုနှစ် မတိုင်မီက လာအိုနိုင်ငံတွင် စာမတတ်သူဦးရေ ၉၅ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း ယင်းသတင်းစာတွင် ရေးသားဖော်ပြသည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ကျင်းပမည့် ပေကျင်းမြို့ တီအန်မင်ရင်ပြင်တွင် မဟာတံတိုင်း ပုံစံတူ တည်ဆောက်နေသည်ကို စက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အပြည်ပြည်ဆိုင်ရာကားပြပွဲ

ဂျာမနီနိုင်ငံ ဘာလင်မြို့၌ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ကားပြပွဲကို စက်တင်ဘာ ၁၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆင်ဟွာနှင့် အိန္ဒိယသတင်းဌာန ပြန်ကြားရေးတို့ ပူးပေါင်းဆောင်ရွက်မည်

ပေကျင်း စက်တင်ဘာ ၁၃

ဆင်ဟွာသတင်းဌာန အကြီးအကဲ တန်ကွန်မင်သည် အိန္ဒိယမှ သတင်းပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့နှင့် တွေ့ဆုံကာ အနာဂတ်ကာလတွင် နှစ်ဦးနှစ်ဖက် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ပြုလုပ်သွားကြရန် စက်တင်ဘာ၁၁ရက်၌ ဆွေးနွေးခဲ့ကြကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

တရုတ်နှင့်အိန္ဒိယ နှစ်နိုင်ငံတို့သည် မကြာမီကာလကပင် ချစ်ခင်ရင်းနှီးသော ဆက်ဆံရေးများတိုးတက်ဖြစ်ထွန်းလာခဲ့သဖြင့် နှစ်နိုင်ငံသတင်းပြန်ကြားရေးလုပ်ငန်းများ တိုးချဲ့ပြုလုပ်သွားရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယမှ သတင်းပြန်ကြားရေး ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံစဉ် တန်ကွန်မင်က ပြောကြားသည်။နှစ်နိုင်ငံသတင်းပြန်ကြားရေး ပူးပေါင်းဆောင်ရွက်မှု တိုးချဲ့ခြင်းသည် နှစ်နိုင်ငံပြည်သူများအား ပိုမိုနားလည်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ဆင်ဟွာသတင်းဌာန အကြီးအကဲ တန်ကွန်မင်က ပြောကြားသည်။

ဖွင့်လှစ်ထား

ဆင်ဟွာ သတင်းဌာနအနေဖြင့် မွန်ဘိုင်းမြို့တွင် ဆင်ဟွာသတင်းဌာနခွဲတစ်ခု ထပ်မံ ထူထောင်မည်ဖြစ်သည်။ ယခင် ဆင်ဟွာ သတင်းဌာနခွဲတစ်ခုကို နယူးဒေလီ၌ ဖွင့်လှစ်ထားပြီးဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

အိုပက်အဖွဲ့ ရေနံတိုးမြှင့် ထုတ်လုပ်မည်

ဗီယင်နာ စက်တင်ဘာ ၁၃

ရေနံဝယ်ယူသုံးစွဲသည့် နိုင်ငံများ၏ စိုးရိမ်ပူပန်မှုကို သက်သာစေရန်အတွက် အိုပက်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ရေနံတိုးမြှင့်ထုတ်လုပ်ရန် ဆော်ဒီအာရေဗျနိုင်ငံက နှိုးဆော်တိုက်တွန်းလိုက်သည်ဟု ဆော်ဒီအာရေဗျ မီဒီယာများက စက်တင်ဘာ ၁၁ ရက်၌ ဖော်ပြသည်။

တိုးမြှင့်ထုတ်

ဆော်ဒီအာရေဗျနိုင်ငံက ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)အနေဖြင့် တစ်နေ့လျှင် ရေနံစည်ငါးသိန်းတိုးမြှင့်ထုတ်လုပ်ရန် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

လစ်ဗျား၊ အယ်လ်ဂျီးရီးယားနှင့် ဗင်နီဇွဲလားနိုင်ငံတို့နှင့် တွေ့ဆုံဆွေးနွေးမှုမပြုလုပ်မီ ဆော်ဒီအာရေဗျနိုင်ငံက ရေနံတိုးမြှင့်ထုတ်လုပ်ရန် စီစဉ်ခဲ့သည်။ အိုပက်အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် ရေနံတိုးမြှင့်ထုတ်လုပ်ရန် ခုနစ်နာရီကြာ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီးနောက် သဘောတူညီခဲ့ကြသည်။

မိမိတို့သည် ရေနံဝယ်ယူသုံးစွဲသည့် နိုင်ငံများအား ဖေးမကူညီသည့်အနေဖြင့် တစ်နေ့လျှင် ရေနံစည်ငါးသိန်းတိုးမြှင့်ထုတ်လုပ်ရန် သဘောတူညီခဲ့ကြကြောင်း ကူဝိတ်ရေနံလုပ်ငန်းဝန်ကြီး မိုဟာမက်အယ်အိုလမ်က ပြောကြားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဖိလစ်ပိုင်၌ ယာဉ်မတော်တဆမှုဖြစ်ပွား

မနီလာ စက်တင်ဘာ ၁၃

ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်း တောင်ပေါ်မြို့တစ်မြို့တွင် စက်တင်ဘာ ၈ရက်က ခရီးသည်တင်ဘတ်စ်ကားတစ်စီးသည် လမ်းပေါ်မှ ချော်ထွက်သွားမှုကြောင့် လျှိုထဲသို့ ထိုးဆင်းသွားခဲ့ကြောင်း၊ ကိုးဦးသေဆုံးကာ တစ်ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရသွားခဲ့ကြောင်း စက်တင်ဘာ ၉ရက်တွင် ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆူမတြားကျွန်း၌ အင်အားပြင်းငလျင်လှုပ်မှု ၁၀ ဦးသေဆုံး ၁၀၀ကျော်ဒဏ်ရာရ

ဂျကာတာ စက်တင်ဘာ ၁၃

အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း အနောက်ဘက်ကမ်းလွန်တွင် စက်တင်ဘာ ၁၂ရက်က လှုပ်ခဲ့သော ငလျင်ပြင်းအားကို ရစ်ချ်တာစကေး ၈ ဒသမ ၂ဟု ဖော်ပြခဲ့သော်လည်း အမေရိကန် ဘူမိဆိုင်ရာဌာနက နောက်ဆုံးသတင်းအရ ၈ဒသမ၄ ဖြစ်ကြောင်း ထပ်မံ သတင်းထုတ်ပြန်သည်။

ဖော်ပြ

အဆိုပါ အင်အားပြင်းငလျင်ကြောင့် မြို့တော်ဂျကာတာနှင့် အခြားမြို့များ၌ အဆောက်အအုံများစွာ ပြိုကျပျက်စီးခဲ့ရပြီး (အောက်ပုံ) **နောက်ဆက်တွဲသတင်းအရ ၁၀ဦး သေဆုံးကာ လူပေါင်း ၁၀၀ကျော် ဒဏ်ရာရရှိကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။**

အိန္ဒိယသမုဒ္ဒရာ ပတ်ဝန်းကျင်နိုင်ငံများအား ဆူနာမီသတိပေးချက်များ အရေးပေါ်ထုတ်ပြန်ပေးခဲ့ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

(အင်တာနက်)

ယီမင်သို့ခိုးဝင်သူ အာဖရိကတိုက်သားများ လူမှောင်ခိုတို့၏ ညှဉ်းပန်းမှုခံရ

ဂျီနီဗာ စက်တင်ဘာ ၁၃

ပြီးခဲ့သည့်ရက်သတ္တပတ်က ဆိုမာလီနိုင်ငံမှ ယီမင်နိုင်ငံသို့ အေဒင်ပင်လယ်ကွေ့သို့ ဖြတ်ကျော်ဝင်ရောက်လာသူ အာဖရိကတိုက်သား တစ်ဒါဇင်ခန့် သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီက ကြေညာသည်။

ဆိုက်ရောက်

အီသီယိုးပီးယားနှင့် ဆိုမာလီနိုင်ငံသား၃၀၀ကျော် တင်ဆောင်လာသည့် ရေယာဉ် လေးစင်းသည် လွန်ခဲ့သော ၈ရက်က ယီမင်ကမ်းခြေသို့ဆိုက်ရောက်လာကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (ယူအင်န်အိတ်ချ်စီအာရ်)ပြောခွင့်ရပုဂ္ဂိုလ်ရက်မွန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပစ်ချ

ရေယာဉ်ပေါ် လိုက်ပါလာသူများအား လူမှောင်ခိုသမားများက ရိုက်နှက်၍ ဓားဖြင့်ထိုးကာ ညှဉ်းပန်းကြသည်။ ခြောက်ဦးမှာ မွန်းကျပ် သေဆုံးကုန်သည်။ ထို့ပြင် သင်္ဘောပေါ်မှ ပင်လယ်ထဲသို့ တစ်ဦး ပစ်ချခံရကြောင်း ယူအင်န်အိတ်ချ်စီအာရ်မှ ပြောခွင့်ရှိသူ ရက်မွန်က ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အိန္ဒိယမှ အီလက်ထရွန်နစ်ပစ္စည်းပြည်ပတင်ပို့မှု မြင့်တက်

နယူးဒေလီ စက်တင်ဘာ ၁၃

အိန္ဒိယနိုင်ငံ၏ အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းဖြစ်သည့် ဆော့ဖ်ဝဲလ်ပြည်ပတင်ပို့မှုသည် ၂၀၀၆–၂၀၀၇ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၃၁ဒသမ၃ဘီလီယံရရှိခဲ့ရာ ယခင်ကထက် ၃၂ရာခိုင်နှုန်းမြင့်တက်လျက်ရှိကြောင်း အိန္ဒိယသတင်းနှင့် နည်းပညာဌာနမှ စက်တင်ဘာ ၁၂ရက်က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြသည်။

၂၀၀၆–၂၀၀၇ခုနှစ်အတွင်းက ယခင်နှစ်များကထက် အီလက်ထရွန်နစ် ပစ္စည်းများ စုစုပေါင်း တင်ပို့မှုမှာ ၃၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ပီတီအိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။ အိန္ဒိယနိုင်ငံ၏ ဆော့ဖ်ဝဲနှင့် အီလက်ထရွန်နစ် ပစ္စည်းများ တင်ပို့မှုသည် ၂၀၀၆–၂၀၀၇ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၃၁ ဒသမ ၃ ဘီလီယံရှိပြီး ၂၀၀၅–၂၀၀၆ခုနှစ်တွင် ၂၃ ဒသမ ၆ ဘီလီယံရှိသည်။

ခန့်မှန်း

၂၀၀၇–၂၀၀၈ ခုနှစ်အတွင်း ဆော့ဖ်ဝဲ ထုတ်လုပ် တင်ပို့နိုင်သည့် ပမာဏမှာ အမေရိကန်ဒေါ်လာဘီလီယံ ၅၀ထိ ရရှိနိုင်မည်ဖြစ်ကြောင်း အိန္ဒိယ သတင်း နှင့်ဆက်သွယ်ရေးနည်းပညာ အဖွဲ့က ခန့်မှန်းထားသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ရိုမေးနီးယား၌ ရေလွှမ်း၊ လေးဦးသေဆုံး

ဘူခါရက် စက်တင်ဘာ ၁၃

ရိုမေးနီးယားနိုင်ငံ အရှေ့ပိုင်းဒေသများတွင် စက်တင်ဘာ ၅ ရက် နှင့် ၆ ရက်က မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး လူအများအပြား ပျောက်ဆုံးနေကြောင်း စက်တင်ဘာ ၆ရက်၌ သက်ဆိုင်ရာတာဝန်ရှိသူများက သတင်းထုတ်ပြန်သည်။

ရေဘေးသင့်

ဗီရန်စီယာ ဘာကာယူနှင့် ဗက်လူအီးစီရင်စုများရှိ ကျေးရွာအမြောက်အမြား ရေဘေးသင့်ခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ရေး အရာရှိကရိုက်တာသို့ ပြောကြားသည်။

ရေဘေးသင့်ဒေသများ၌ အာဏာပိုင်များက စားရေးရိက္ခာများ ဝေငှပေးမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာန သတင်းတစ်ရပ်တွင် ဖော်ပြသည်။ ဝန်ကြီးချုပ်ကာလင်တာရီစီယာနုသည် ရေဘေးသင့်ဒေသများသို့ သွားရောက်ကြည့်ရှုပြီးနောက် ဆုံးရှုံးမှုမှာ ထင်ထားသည်ထက်ပိုမိုကြီးမားကြောင်း ရုပ်မြင်သံကြားဌာနသို့ ပြောကြားခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့ ဆိုနီကုမ္ပဏီမှ ထုတ်လုပ်သည့် ဒီဂျစ်တယ် ကင်မရာများအား အရောင်းဝန်ထမ်းများ ပြသနေသည်ကို စက်တင်ဘာ ၁၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ထောက်လှမ်းရေးနည်းပညာ စွမ်းဆောင်ချက် ပုံထုတ်ကိရိယာဖြင့် မြှင့်တင်ဆောင်ရွက်

လန်ဒန် စက်တင်ဘာ ၁၃

လုံခြုံရေးနှင့်ထောက်လှမ်းရေး ကြိုးပမ်းစွမ်းဆောင်ချက်များကို ပုံထုတ်ကိရိယာဖြင့် မြှင့်တင်ပေးနိုင်တော့မည်ဖြစ်ကြောင်း သိပ္ပံပညာရှင်တစ်ဦးက ပြောကြားသည်။

လောလောဆယ်တွင် လူတစ်ဦး၏ မျက်နှာ၊အထူးသဖြင့် အကျွမ်းတဝင်မရှိသူတစ်ဦး၏ မျက်နှာကို လူရောကွန်ပျူတာပါ မှတ်မိရန် ခဲယဉ်းနေသည်။

သို့သော် အလွယ်တကူ မှတ်မိသိရှိစေရန် လူတစ်ဦးပုံအများအပြားကို ဖန်တီးပြီး ယေဘုယျမျက်နှာ ရရှိစေရန် ပေါင်းစပ်လိုက်ရကြောင်း **(ဝဲပုံ)** ဂလပ်စဂို တက္ကသိုလ်မှ ဒေါက်တာဂျင်ဘင်က ပြောကြားသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်အတွင်းမှစ၍ အမေရိကန်နိုင်ငံမြို့ကြီးများ၌ အကြမ်းဖက်မှုများ မြင့်မားလာခဲ့ရာ လုံခြုံရေးနှင့် ထောက်လှမ်းရေးလုပ်ငန်းများ တိုးချဲ့လာခဲ့ရသည်။

တစ်ချိန်တွင် လူတို့၏ ဓာတ်ပုံသို့မဟုတ် မျက်နှာပိုမိုမှတ်မိစေသည့် ဤနည်းပညာကို နိုင်ငံကူးလက်မှတ် သို့မဟုတ် မှတ်ပုံတင်လက်မှတ်များတွင် အသုံးပြုလာနိုင်မည်ဟုဆိုသည်။

(အင်တာနက်)

ဆူလူကျွန်းအနီး ခရီးသည်တင်သင်္ဘောနစ်မြုပ် ဖိလစ်ပိုင်ရေတပ်စခန်းမှ ကယ်ဆယ်နိုင်ခဲ့

မနီလာ စက်တင်ဘာ ၁၃

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တောင်ပိုင်း ကီလိုမီတာ ၉၀၀ အကွာရှိ ဆူလူကျွန်းအနီး၌ စက်တင်ဘာ ၈ ရက်က ခရီးသည်တင်သင်္ဘောတစ်စင်း အင်ဂျင်စက်ချွတ်ယွင်းသဖြင့် နစ်မြုပ်ခဲ့ရာ အဆိုပါ သင်္ဘောပေါ်၌ပါရှိသည့် သင်္ဘောသားများနှင့် ခရီးသွား ၈၂ ဦးအား ဖိလစ်ပိုင် ရေတပ်သင်္ဘောမှ ကယ်ဆယ်နိုင်ခဲ့သည်။

ကယ်ဆယ်

ငင်းနောက် ဖြစ်ပွားရာသို့ ရေတပ်သင်္ဘောသည် အချိန်မီရောက်ရှိခဲ့သဖြင့် ဘေးဒုက္ခကြုံတွေ့နေရသည့် ခရီးသည်များအားလုံးကို ကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ရေတပ်တပ်မှူးရိုဗင်နိကာလိုဘော်ကော်ဒိုက ပြောကြားသည်။

မက်ပွန်ကျွန်းမှ ဇမ်ဘွန်ဂါပြည်နယ်သို့သွားစဉ် ပင်လယ်ပြင်၌ အင်ဂျင်စက်ချွတ်ယွင်းမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မက္ကဆီကိုတွင် ရေနံနှင့်ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲ

မာလ်ထရာတာ စက်တင်ဘာ ၁၃

မက္ကဆီကိုနိုင်ငံတွင် ဓာတ်ငွေ့ပိုက်လိုင်းတစ်ခု ဖောက်ခွဲတိုက်ခိုက်ခံရကြောင်း၊ ထိုသို့ဖောက်ခွဲတိုက်ခိုက်မှုမှာ အကြမ်းဖက်သမားများ၏ လက်ချက်ဖြစ်ကြောင်း မက္ကဆီကို မီဒီယာများက စက်တင်ဘာ ၁၁ ရက်၌ ဖော်ပြသည်။

ထိန်းချုပ်

ဓာတ်ငွေ့နှင့်ရေနံပိုက်လိုင်း မီးလောင်ပေါက်ကွဲမှုကြောင့် မီးတောက်မှာ ပေ ၃၀ အထိ မြင့်တက်ခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုကို ထိန်းချုပ်လျက်ရှိကြောင်း သိရသည်။

ဓာတ်ငွေ့ပိုက်လိုင်း တိုက်ခိုက်ခံရမှုမှာ မာလ်ထရာတာမြို့အနီး၌ဖြစ်ကြောင်း ဒေသခံပြည်သူ တစ်သိန်းခွဲခန့်အား အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရကြောင်း မက္ကဆီကို မီဒီယာများက ဖော်ပြသည်။

အမ်အင်န်အေ၊ရိုက်တာ

မြန်မာ့အလင်း

နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှား၌ လေယာဉ်မှူး ရှားပါးမှုနှင့် ကြုံတွေ့နိုင်

ဂျကာတာ စက်တင်ဘာ ၁၃

အင်ဒိုနီးရှားနိုင်ငံသည် မကြာမီကာလအတွင်း လေယာဉ်မှူး ရှားပါးမှုနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့် လေယာဉ်မှူးအသစ်များ လေ့ကျင့်ပေးရေးတိုးမြှင့် လုပ်ဆောင်ရမည်ဖြစ်ကြောင်း အင်ဒိုနီးရှားမီဒီယာများက စက်တင်ဘာ ၁၀ ရက်၌ ဖော်ပြသည်။

အင်ဒိုနီးရှားမြို့ပြ လေကြောင်း သိပ္ပံသို့ ပြည်တွင်း ပြည်ပမှ လေယာဉ်မှူးများ တက်ရောက်ရန် ခေါ်ယူခဲ့ကြောင်း အင်ဒိုနီးရှားပို့ဆောင်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်း၌ ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသည် ၂၀၀၈ ခုနှစ်မှစတင်ကာ တစ်နှစ်လျှင် ဘွဲ့ရလေယာဉ်မှူး ၁၂၀ ခန့် ရရှိရန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုအရေအတွက်မှာလည်း လိုအပ်မှုကို လုံလောက်စွာ မဖြည့်ဆည်းပေးနိုင်သေးကြောင်း သိရသည်။

ပြောကြား

လေယာဉ်မှူးတစ်ဦး ဖြစ်ရန်မှာ အနည်းဆုံး လေယာဉ်ပျံသန်းချိန် နာရီ ၁၅၀၀ ထက်မနည်း ရှိရမည်ဖြစ်ကြောင်း၊ လေယာဉ်ပျံသန်းရေးသိပ္ပံမှ ဆင်းလာသည်နှင့်လေယာဉ်မှူးဖြစ်ရန်မလုံလောက်သေးကြောင်း ၃၃ နှစ်ကြာ လေယာဉ်မှူးအတွေ့အကြုံရှိသူ အင်ဒိုနီးရှား လေကြောင်းအရာရှိတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ လေ့ကျင့်ပျံသန်းနေသည့် လေယာဉ်တစ်စင်းပျက်ကျ၍ မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို စက်တင်ဘာ ၁၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာဖဂန်၌ ညွန့်ပေါင်းတပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ကဘူးလ် စက်တင်ဘာ ၁၃

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်း ဟယ်မန်ဒါပြည်နယ်၌ စက်တင်ဘာ ၉ ရက်က လမ်းဘေးဗုံးပေါက်ကွဲသဖြင့် အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ညွန့်ပေါင်းတပ်ဖွဲ့က ထုတ်ပြန်ကြေညာသည်။

ပေါက်ကွဲ

အဆိုပါပေါက်ကွဲမှုသည် ယင်းနေ့ နံနက်ပိုင်း၌ ရှန်ဂန်ခရိုင် အနောက်ပိုင်း ကီလိုမီတာ ၁၀ အကွာ၌ ညွန့်ပေါင်းတပ်ဖွဲ့ဝင် အချို့တည်ရှိရာနေရာ၌ ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။

သေဆုံးသူနှင့်ဒဏ်ရာရရှိသူများမှာ မည်သည့် နိုင်ငံသားများ ဖြစ်သည်ကို မသိရှိရသေးပေ။

ယခုနှစ်အတွင်း တိုက်ခိုက်မှုများကြောင့် သေဆုံးသူပေါင်း ၄၄၀၀ ကျော်ရှိခဲ့ပြီ ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

မြန်မာ့အလင်း

လှုပ်လှုပ်ရှားရှား မြန်မာ့အားကစား

၁၃–၉–၂၀၀၇

ကိုထွေး – စုစည်းတင်ဆက်သည်

ပြည်နယ်နှင့်တိုင်းပိုက်ကျော်ခြင်း ယနေ့ စတင်ယှဉ်ပြိုင်မည်

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲကို စက်တင်ဘာ ၁၄ရက်**(ယနေ့)** မွန်းလွဲ၂နာရီမှ စတင်၍ စက်တင်ဘာ၂၁ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံ၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်ကြမည်

အဆိုပါပြိုင်ပွဲတွင် သုံးယောက်တွဲ (Regu) နှင့်နှစ်ယောက်တွဲ(Double Regu)အမျိုးသား၊ အမျိုးသမီးပွဲစဉ်များပါဝင်မည်ဖြစ်ပြီး ပြည်နယ်နှင့်တိုင်းများမှ ပိုက်ကျော်ခြင်းအသင်းများပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

အားကစားဝန်ကြီးဖလား ပြည်နယ်/တိုင်းဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ မုံရွာ၌ ယနေ့ယှဉ်ပြိုင်မည်

၂၀၀၇ ခုနှစ် (၈)ကြိမ်မြောက် အားကစားဝန်ကြီးဌာနဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်း အသက်(၂၁)နှစ်အောက်(လူသစ်တန်း)အမျိုးသားဘောလုံးပြိုင်ပွဲကို စစ်ကိုင်းတိုင်းအတွင်းရှိ မုံရွာ၊စစ်ကိုင်း၊ရွှေဘိုနှင့်ကသာမြို့များ၌ စက်တင်ဘာ၃ရက်မှစတင်၍ ကျင်းပလျက်ရှိရာ စက်တင်ဘာ၁၂ရက်က ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်သည်။

အကြိုဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ၁၄ရက်(ယနေ့)တွင် မုံရွာမြို့အားကစားကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ နံနက်၇နာရီခွဲတွင် ပထမအကြိုဗိုလ်လုပွဲစဉ်အဖြစ် ကယားပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ ညနေ ၃နာရီခွဲတွင် ဒုတိယအကြိုဗိုလ်လုပွဲစဉ်အဖြစ် ရန်ကုန်တိုင်းအသင်းနှင့်တနင်္သာရီတိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

စက်တင်ဘာ ၁၆ရက် နံနက် ၇နာရီခွဲတွင် တတိယနေရာလုပွဲကိုလည်းကောင်း၊ ညနေ ၃နာရီခွဲတွင် နောက်ဆုံးဗိုလ်လုပွဲကိုလည်းကောင်း မုံရွာမြို့အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ဒုတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲ စက်တင်ဘာ ၁၇ရက်၌ စတင်ယှဉ်ပြိုင်မည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၀၇–၂၀၀၈ ဘောလုံးရာသီ ဒုတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ၁၇ရက်မှ စတင်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် စလင်းအားကစားကွင်း၌ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ပါဝင်

ဒုတိယတန်းအမှတ်ပေးဘောလုံးပြိုင်ပွဲတွင် ၁၀သင်းပါဝင်ယှဉ်ပြိုင်မည်ဖြစ်ရာ ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်၊ တပ်မတော်လူငယ်၊ ပုလဲနက်၊ အော်စကာ၊ ဘေဘီဗိုက်တာ၊ လမ်းမတော်လူငယ်၊ ကြယ်ပွင့် လေးများ(က)၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တပ်မတော်ကိုယ်ခံပညာနှင့်အားကစားသိပ္ပံ(ရဲမွန်)နှင့် ဓီယွန်အသင်းတို့ပါဝင်ကြသည်။

ယှဉ်ပြိုင်ကစားကြမည်

စက်တင်ဘာ ၁၇ရက် ညနေ၄နာရီတွင် ပွဲဦးထွက်အဖြစ် ပင်မထောက်ပံ့နှင့် ပို့ဆောင်ရေးတပ်(ပထမ)အသင်းနှင့် တပ်မတော်လူငယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ တတိယလုပွဲနှင့်ဗိုလ်လုပွဲကျင်းပမည်

၂၀၀၇ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များ ယနေ့ပြီးဆုံးသွားပြီဖြစ်ရာ တတိယလုပွဲနှင့် ဗိုလ်လုပွဲစဉ်များကို စက်တင်ဘာ ၁၅ရက် ညနေပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

ထိုင်းနှင့်မြန်မာ

စက်တင်ဘာ၁၅ရက် ညနေ၃နာရီတွင် တတိယနေရာလုပွဲအဖြစ် ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းနှင့် မလေးရှား အမျိုးသမီး ဘောလုံးအသင်း၊ညနေ၅နာရီခွဲတွင် နောက်ဆုံးဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့် အိမ်ရှင်မြန်မာအသင်းတို့ ယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ဘောလုံးကွင်း၌ကျင်းပရာ ပထမအကြိုဗိုလ်လုပွဲတွင် ဗီယက်နမ်နှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကြစဉ်။ (မြန်မာ့အလင်း)

■ ကျောဖုံးမှ

လက်ရှိချန်ပီယံ ဗီယက်နမ်အသင်းသည် စိတ်ဓာတ်ရေးရာအရ မည်သို့ပင်မြင့်မားစေကာမူ ထိုင်းအသင်း၏ ဘောလုံးပညာကို မယှဉ်နိုင်၍ ဂိုးပြတ်ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် ပထမဂိုးကို ပွဲစပြီး ၃မိနစ်အကြာတွင် ကျောနံပါတ်(၁၀) Sunisa Srangthaisongက ခေါင်းတိုက်သွင်းယူပေးသည်။ ထိုင်းအသင်းသည် ဂိုးအရစောခဲ့၍ စိတ်အေးလက်အေးဖြင့် ကစားကွက်ဖော်ကစားရာ ဗီယက်နမ်အသင်း နောက်မှလိုက်ကစားနေရသည်။

တည်တည်ငြိမ်ငြိမ်

ဒုတိယပိုင်းပြန်စပြီး ၅မိနစ်အကြာတွင် ထိုင်းအသင်းအတွက် ဒုတိယဂိုးကို ကျောနံပါတ်(၉) Nisa Romyen က ဗီယက်နမ်နောက်တန်းကို ကျော်ဖြတ်ပြီး သွင်းယူခဲ့သည်။

ထိုင်းအသင်းသည် ဗီယက်နမ်အသင်း၏ ချေပဂိုးရရှိရေးတင်ကစားလာမှုကို တည်တည်ငြိမ်ငြိမ် ထိန်းကစားသွားသည်။ ထိုင်းအသင်းအတွက် တတိယဂိုးကို ပွဲချိန် ၆၁မိနစ်တွင် ကျောနံပါတ် (၁၂) Chidtawan Chawong က ထောင့်ကန်ဘောမှတစ်ဆင့် ကျလာသော ဘောလုံးကို ကန်သွင်းယူခြင်းဖြစ်သည်။

ထိုင်းအသင်းသည် အုပ်စုပွဲစဉ်၌ ခြေစွမ်းပြနိုင်သကဲ့သို့ ယနေ့ပွဲစဉ်၌လည်း တစ်ဦးချင်းဘောလုံးကျွမ်းကျင်မှုနှင့်အသင်းလိုက် နည်းဗျူဟာမြောက်စွာ ကစားနိုင်မှုကြောင့် အာဆီယံဒေသတွင်းမှ ထိပ်တန်းအဆင့်၌ရပ်တည်နေသော ဗီယက်နမ်အမျိုးသမီးအသင်းကို ခြေအသာစီးမှကစားပြီး အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းသည် အုပ်စုပွဲစဉ်များ၌ အားနည်းသောအသင်းများနှင့် ယှဉ်ပြိုင်ကစားရသဖြင့် သက်သောင့်သက်သာဖြင့် ခြေစွမ်းပြဂိုးများသွင်းယူနိုင်သော်လည်း ခြေစွမ်းထက်သည့် ထိုင်းအသင်းနှင့် နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ရသည့်အခါ သိက္ခာဆည်ဂိုးပင်မရဘဲ ဖြစ်သွားသည်။

ပွဲအပြီးတွင် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့မှ နည်းပြချုပ်များက ရှင်းလင်းပွဲပြုလုပ်ရာ ပြည်တွင်း၊ ပြည်ပစာနယ်ဇင်းများမှ တာဝန်ရှိသူများ တက် ရောက်ခဲ့ကြသည်။

အကောင်းဆုံးအသင်း

ရှေးဦးစွာ ဗီယက်နမ်အသင်းနည်းပြချုပ် Chen Yu Faက **"ယခုပြိုင်ပွဲ၌ ထိုင်းအသင်းအကောင်းဆုံးအသင်းဖြစ်ကြောင်း၊ မိမိတို့အကောင်းဆုံးကြိုးစားကစားခဲ့ပါကြောင်း၊ ဒိုင်လူကြီး၏ ဆုံးဖြတ်ချက် အချို့မှာ ထိုင်းအသင်းကို အခွင့်သာစေခဲ့သည်ဟု ထင်ကြောင်း၊ ထိုင်းအသင်းကစားကွက်က မိမိတို့အသင်းကို လွှမ်းမိုးထားခဲ့ကြောင်း၊ ထိုင်းအသင်းမှ ကစားသမားများအားလုံး ဘောလုံးကျွမ်းကျင်မှုကောင်းကြကြောင်း၊ ထိုင်းအသင်းမှ ကျောနံပါတ်(၁၃)နှင့် ကျောနံပါတ်(၈)ကို အကြိုက်ဆုံးဖြစ်ပါကြောင်း၊ (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင်လျက်ရှိပါကြောင်း"** ပြောကြားသည်။

အထူးကြိုးစား

ထိုင်းအသင်းနည်းပြချုပ် Chana Yodprang ကလည်း **"ယနေ့ပွဲ ယှဉ်ပြိုင်ကစားရသည်မှာ ရာသီဥတုကလဲကောင်း၊ ကွင်းကလဲကောင်း၍ အစစအရာရာ စိတ်ကြိုက်ဖြစ်ခဲ့ပါကြောင်း၊ ဗီယက်နမ်အသင်းသည် တောင့်တင်းသည့်အသင်းဖြစ်ကြောင်း၊ ဗီယက်နမ်အသင်းကို အနိုင်ရအောင်ကစားရမည်ဟု ကစားသမားများ စိတ်ပိုင်းဖြတ်ပြီး အထူးကြိုးစားကစားခဲ့ကြ၍ အနိုင်ရခြင်းဖြစ်ပါကြောင်း၊ မြန်မာအသင်းသည် ခြေစွမ်းထက်မြက်သည့်အသင်းဖြစ်ကြောင်း၊ ဗိုလ်လုပွဲစဉ်၌ မြန်မာအသင်းနှင့်ပြန်လည်ဆုံတွေ့ရသည့်အခါ အနိုင်ရရှိအောင် အတတ်နိုင် ဆုံးကြိုးစားယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းမှ ကျောနံပါတ်(၁၆) သည် အသင်း၏အကောင်းဆုံး ကစားသမားဖြစ်ပါကြောင်း၊ ယနေ့ကစား သွားသည်မှာ သူ့နေရာမှန်ဖြစ်ကြောင်း၊ သို့သော်မည်သည့်နေရာ၌ သုံးသုံး နေရာစုံ ကစားနိုင်သူဖြစ်ပါကြောင်း"** ပြောကြားသွားသည်။

မြန်မာနှင့် မလေးရှား

ညနေ ၅နာရီ၄၅မိနစ်တွင် ယှဉ်ပြိုင်ကစားသည့် ဒုတိယအကြိုဗိုလ်လုပွဲစဉ်၌ မြန်မာအမျိုးသမီးဘောလုံးအသင်းက မလေးရှားအမျိုးသမီး ဘောလုံးအသင်းကို ခြေကုန်ထုတ်ကစားပြီး ငါးဂိုး–ဂိုးမရှိဖြင့် ပြတ်ပြတ်သားသား အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်လှမ်းသွားခဲ့ပြီ ဖြစ်သည်။

မြန်မာအသင်းက မလေးရှားအသင်းကို သေချာပေါက်အနိုင်ရမည်ဟု ကြိုတင်တွက်ဆထားသည့်အတိုင်း ပထမပိုင်းမှာပင် သုံးဂိုးသွင်းယူကာ ပရိသတ်၏ လက်ခုပ်သံကို အပြည့်အဝရရှိခဲ့သည်။ မြန်မာအသင်းသည် ပွဲစသည်နှင့် ကစားအားတင်ကစားရာ မလေးရှားအသင်းခံစစ်အသွင်သာ ကစားခဲ့ရသည်။ မလေးရှားအသင်းက ရှေ့တန်း၌တစ်ဦးသာ အထောင်ထားပြီး စုပြုံပိတ်ဆို့ကစားနေ၍ ပွဲချိန်မိနစ်၂၀ရောက်မှသာ အဖွင့်ဂိုးရရှိခဲ့သည်။

တိုက်ရိုက်ကန်သွင်းယူ

မြန်မာအသင်းအတွက် ပထမဂိုးကို အလယ်တန်းလူ အေးနန္ဒာလှိုင် အမြောက်ကန်ပို့သည့် ဘောလုံးကို မလေးရှားဂိုးသမားဖမ်းယူစဉ် လက်မှ ပြုတ်ကျလာသည်ကို တိုက်စစ်မှူး ဇင်မာဝမ်းက ခေါင်းတိုက်သွင်းယူခြင်းဖြစ်သည်။ မြန်မာအသင်းသည် မလေးရှားအသင်းကို ကွင်းတစ်ဝက်ဖိကစားပြီး အကြိမ်ကြိမ် ထိုးဖောက်ဂိုးသွင်းရာ မလေးရှားဂိုးသမား လက်မလည်အောင် ဖမ်းခဲ့ရသည်။ မြန်မာအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်မိနစ်၃၀တွင် အလယ်တန်းလူ စုစုဝေက မလေးရှားအသင်းကွင်းတစ်ဝက်မှ တိုက်ရိုက်ကန်သွင်းယူသည်။ တတိယဂိုးကို ပထမပိုင်းပြီးခါနီး ပွဲချိန်၄၅မိနစ်တွင် နောက်တန်းလူ မိုးမိုးဝါက အလွတ်တည်ကန်ဘောမှတစ်ဆင့် တိုက်ရိုက်ကန်သွင်းယူခြင်းဖြစ်သည်။

လမ်းကြောင်းပြောင်း

မြန်မာအသင်းသည် သုံးဂိုးရထားပြီဖြစ်၍ ဒုတိယပိုင်းတွင် အုပ်စုပွဲစဉ်များ၌ အဝါကတ်ထိထားကြသည့် မိုးမိုးဝါ၊ အေးနန္ဒာလှိုင်နှင့် မိုင်နီလာထွေးတို့ကို အနားပေးပြီး ငြိမ်းငြိမ်းအိ၊ ခင်မိုးဝေနှင့် ရွှေစင်အောင်တို့ကို လူစားလဲ ထည့်သုံးခဲ့သည်။ နောက်တန်းလူ မိုးမိုးဝါအား လူစားမလဲမီ ပွဲချိန် ၇၃မိနစ်တွင် မိုးမိုးဝါ အလွတ်တည်ကန်ဘော ကန်ပို့ရာ တိုက်စစ်မှူး ဇင်မာဝမ်းက လမ်းကြောင်းပြောင်းကန်သွင်းယူ၍ စတုတ္ထဂိုးရရှိခဲ့သည်။ မြန်မာအသင်းအတွက် ပဥ္စမဂိုးကို အေးနန္ဒာလှိုင်အစား လူစားဝင်ကစားသည့် ခင်မိုးဝေက သွင်းယူပေးသည်။

မြန်မာအသင်းသည် ဒုတိယပိုင်း၌အမာခံကစားသမားများကို လူစားလဲခြင်းနှင့် တိုက်စစ်မှူး ဇင်မာဝမ်း၏ အဆုံးသတ်အားနည်းခြင်းတို့ကြောင့်သာ ငါးဂိုးနှင့် ကျေနပ်ခဲ့ရခြင်းဖြစ်ပြီး ပွဲအစအဆုံး အင်အားပြည့်ကစားပါက ယခုထက် ဂိုးပြတ်နိုင်မည့် အနေအထားဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပိုင်း၌ ဘောလုံးပိုင်ဆိုင်မှုကိုသာ အဓိကထားကစားပြီး ဗိုလ်လုပွဲအတွက် အင်အား ချန်သည့်အနေဖြင့် အလှအပများဖြင့် ကစားသွားသည်။

ပွဲအပြီးတွင် မြန်မာအသင်းနှင့် မလေးရှားအသင်းတို့မှ နည်းပြချုပ်များက ရှင်းလင်းပွဲပြုလုပ်ရာ ပြည်တွင်း၊ပြည်ပစာနယ်ဇင်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ခြေစွမ်းပိုကောင်း

ရှေးဦးစွာ မလေးရှားအသင်းနည်းပြချုပ် Mohd Shah Alias Mohd Norbit က **"မိမိတို့အကောင်းဆုံးကြိုးစားကစားသော်လဲ မြန်မာအသင်းက ခြေစွမ်း ပိုကောင်းသည့်အတွက် အနိုင်ကစားရန် မတတ်နိုင်ခဲ့ကြောင်း၊ မိမိတို့ ကစား သမားများကို အများကြီးလေ့ကျင့်သင်ကြားပေးရန်လိုနေသေးကြောင်း၊ မိမိတို့ နိုင်ငံ၌ အမျိုးသမီးဘောလုံးကလပ်အသင်းများမရှိ၍ ကျောင်းများမှ ကစား သမားများကို အခြေခံ၍ရွေးချယ်ရကြောင်း၊ အာရှဖလားခြေစစ်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအတွက် ဆက်လက်ပြင်ဆင် လေ့ကျင့်သွားမည်ဖြစ်ကြောင်း"** ပြောကြားသွားသည်။

ဝမ်းသာဂုဏ်ယူ

မြန်မာအသင်းနည်းပြချုပ် ဦးအေးကြူကြီးကလည်း **"နည်းပြဆရာတစ်ဦးအနေဖြင့် အကြိုဗိုလ်လုပွဲစဉ်နှင့် ထိုက်တန်အောင် အစွမ်းကုန်ကြိုးစားယှဉ်ပြိုင်ကစားသွားသည့် မိမိတို့ကစားသမားများအတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ ဒုတိယပိုင်း၌ ကစားအားကျသွားပြီး ဂိုးအရနည်းခဲ့ခြင်းမှာ အဝါကတ် ထိထားသည့် အမာခံကစားသမားများကို လူစားလဲပြီး မကစားရသေးသူများကို ကစားခွင့်ရအောင် အခွင့်အရေးပေးခဲ့၍ ဖြစ်ပါကြောင်း၊ ဗိုလ်လုပွဲ၌ဆုံတွေ့ရမည့် ထိုင်းအသင်းသည် မိမိတို့အသင်းထက် ကြံ့ခိုင်မှု၊ လျင်မြန်မှု၊ ကျွမ်းကျင်မှုနှင့် ကစားကွက်ပိုကောင်းပါကြောင်း၊ သို့သော် မိမိတို့အသင်းအနေဖြင့် မြန်မာဆိုသည့် စိတ်ဓာတ်ဖြင့် အသင်းလိုက် စည်းလုံးညီညွတ်မှုကိုအခြေခံပြီး အုပ်စုပွဲစဉ်၌အနိုင်ယူခဲ့သည့်နည်းတူ ဗိုလ်လုပွဲစဉ်၌လဲ အာဆီယံချန်ပီယံဆုဖလားကြီး မြန်မာနိုင်ငံ၌ ခိုနားနိုင်အောင် အထူးကြိုးစား ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း"** ပြောကြားသည်။

ပါဝင်ကစား

မလေးရှားအသင်းကိုအနိုင်ယူပြီး ဗိုလ်လုပွဲသို့တက်လှမ်းသွားသော မြန်မာအမျိုးသမီးဘောလုံးအသင်းတွင် **(ဂိုး)**မေခင်ယမင်း၊ **(နောက်တန်း)** စန်းစန်းသိန်း၊ စန်းစန်းမော်**(အသင်းခေါင်းဆောင်)**၊ စုစုဝေ၊မိုးမိုးဝါ(ရွှေစင်အောင်)၊ **(အလယ်တန်း)** သန်းသန်းထွေး၊ စန်းယုနိုင်၊ အေးနန္ဒာလှိုင်(ခင်မိုးဝေ)၊ ခင်မာလာထွန်း၊ **(ရှေ့တန်း)** မိုင်နီလာထွေး(ငြိမ်းငြိမ်းအိ)၊ ဇင်မာဝမ်းတို့ပါဝင်ကစားခဲ့ကြသည်။

(မြန်မာ့အလင်း)

ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား ကမ္ဘာတစ်လွှား အားကစား

အသင်းကြီးများ အကြိတ်အနယ်နွှဲရမည့် ပရီမီယာလိဂ်ပွဲစဉ်(၆)

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် စက်တင်ဘာ ၁၃

ယူရို ၂၀၀၈ ခြေစစ်ပွဲတွေကြောင့် ခေတ္တရပ်နားခဲ့ရတဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေလာမယ့် စက်တင်ဘာ ၁၅ ရက်မှာ ပြန်လည်ကစားပါတော့မယ်။ ပရီမီယာလိဂ်ပွဲစဉ်(၆)အဖြစ် ပြန်ကစားတဲ့အခါမှာ အသင်းကြီးတွေအားလုံး ပွဲကျပ်တွေနဲ့ ရင်ဆိုင်ကြုံတွေ့ရမှာမို့ ပရိသတ်တွေ ရင်တမမဖြစ်ရဦးမယ့် ပွဲတွေချည်း ဖြစ်နေပြန်ပါတယ်။

အဲဗာတန်နှင့် မန်ယူ

အဲဗာတန်ကွင်းမှာတော့ မန်ယူတို့ ပြီးခဲ့တဲ့ ငါးပွဲစလုံးမှာ အနိုင်ရခဲ့တာများပါတယ်။ ၂၀၀၅ခုနှစ်က အဲဗာတန်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးခဲ့တာက လွဲပြီး ကျန်ပွဲတွေကို အနိုင်ရရှိထားတာမို့ အဲဗာတန်နဲ့ ကစားတဲ့အခါ မန်ယူတို့ စိတ်ဓာတ် အပေါ်စီးက ကစားနိုင်ပါလိမ့်မယ်။ အခုပွဲမှာ ပွဲပယ်ခံထားရတဲ့ စီရိုနယ်ဒို ပြန်ကစားနိုင်မှာမို့ မန်ယူအတွက်တော့ အားဆေးပါပဲ။ မန်ယူမှာ ရွန်နေ၊ နဗီးလ်၊ ဖော်စတာနဲ့ပတ်ဂျီဆန်တို့အပြင် ရှိုင်ယန်ဂစ်လဲ ဒဏ်ရာရရှိနေတာကြောင့် ပါဝင်ကစားနိုင်ဖို့ မသေချာပါဘူး။

ဖာဂူဆန်ဟာ မန်ယူတိုက်စစ်အတွဲကို ပြောင်းလဲ သုံးပါလိမ့်မယ်။ မန်ယူတိုက်စစ်မှာ တီဗက်ဇ်၊ ဆာဟာတို့ကို အလယ်တန်းက ပေါလ်စခိုးလ်၊ စီရိုနယ်ဒို၊ နာနီတို့နဲ့ ဝန်းရံလိုက်ရင် မန်ယူဟာ အဲဗာတန်ကို အသာစီးရယူကစားနိုင်ပါလိမ့်မယ်။ မန်ယူဟာ နိုင်ပွဲရဖို့ လိုအပ်နေတာမို့ ဘယ်လိုနည်းနဲ့မျှ အမှတ်လျှော့အောင်တော့ ကစားမှာ မဟုတ်ပါဘူး။

ဒီလိုပါပဲ ငါးပွဲကစားပြီးချိန်မှာ ပရီမီယာလိဂ် တန်းစီဇယား တတိယနေရာရောက်ရှိနေတဲ့ အဲဗာတန်ရဲ့ ဒီနှစ်ခြေစွမ်း တန်းဝင်အဆင့် ရှိနေပါတယ်။ အဲဗာတန်ကို တိုက်စစ်မှူး ယာကူဘူ ရောက်လာတာဟာ အသင်းတိုက်စစ်ပိုအားကောင်းသွားပါတယ်။ အဲဗာတန်နည်းပြ ဒေးဗစ်မိုယက်စ်ကတော့ အိမ်ကွင်းမှာ မန်ယူကို အမှတ်ပြည့်မပေးရအောင် ကြိုးစားသွားမယ်လို့ ပြောကြားနေပါတယ်။ အဲဗာတန်မှာ ဗန်ဒါမေဒီ၊ ဖောက်ဂန်နဲ့ ကာဟေးလ်တို့ ဒဏ်ရာရရှိပေမယ့် ဟန်ချက်မပျက်သွားတာမို့ ဒီပွဲမှာ မန်ယူတို့အကြိတ်အနယ်ကစားရပါလိမ့်မယ်။ အကြိုက်ကတော့မန်ယူပါပဲ။

စီရိုနယ်ဒို

မန်ယူ၌ ပြန်ကစားနိုင်တော့မည့် စီရိုနယ်ဒို။

(ဓာတ်ပုံ- အင်တာနက်)

ချယ်လ်ဆီးနှင့် ဘလက်ဘန်း

ချယ်လ်ဆီးတို့ အိမ်ကွင်း ၆၅ပွဲ ရှုံးပွဲမရှိ စံချိန်ကို ဆက်လက်ထိန်းသိမ်းနိုင်စွမ်း ရှိမရှိက စိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။ ပြီးခဲ့တဲ့ငါးပွဲ ဆုံတွေ့မှု မှတ်တမ်းကိုကြည့်ရင် ချယ်လ်ဆီးတို့က တစ်ပွဲရှုံး၊ တစ်ပွဲသာ သရေကျထားပြီး ကျန်သုံးပွဲ အနိုင်ရရှိထားပါတယ်။ ချယ်လ်ဆီးမှာ လမ်းပတ်၊ ကာဗယ်လ်ဟိုနဲ့ ဝိန်းဘရစ်တို့ ဒဏ်ရာတွေရရှိထားတာမို့ ဒီပွဲမှာ ပါဝင်ကစားဖို့ မသေချာပါဘူး။

ဒီလိုပါပဲ ဘလက်ဘန်းမှာလည်း စတီဖင်ရိဒ်နဲ့ တူဂိုင်းတို့ ဒဏ်ရာတွေ ရရှိထားပါတယ်။ မော်ရင်ဟိုဟာ ဒီပွဲကို ဘယ်လို အခင်းအကျင်းနဲ့ ထွက်လာမယ်ဆိုတာက ဒီပွဲရဲ့အနိုင်အရှုံးကို ထင်ဟပ်စေမှာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဒရော့ဘာဒဏ်ရာရနေပေမယ့် မော်ရင်ဟိုကို ထုတ်သုံးမှာပါ။ ဘလက်ဘန်းဟာ အသင်းလိုက် ကစားအား ကောင်းတဲ့အပြင် အိမ်ကွင်းမှာ ခြေစွာတဲ့ အသင်းဖြစ်ပါတယ်။ ပရီမီယာလိဂ်မှာ ဒီနှစ်ရှုံးပွဲမရှိသေးဘဲ သရေပွဲတွေများနေတဲ့ ဘလက်ဘန်းတို့ ဒီပွဲအတွက်အိမ်ကွင်းမှာ ချယ်လ်ဆီးဆီက တစ်မှတ်လောက်တော့ရယူနိုင်ပါလိမ့်မယ်။ ချယ်လ်ဆီးတို့ ခက်ခက်ခဲခဲ ကစားရမယ့်ပွဲပါ။

ပို့စ်မောက်နှင့် လီဗာပူး

ဒီနှစ်လီဗာပူးခြေစွမ်းက ပရီမီယာလိဂ်ဖလားရယူနိုင်တဲ့ အနေအထား ရှိနေပါတယ်။ လီဗာပူးမှာ ဂျရတ်ဒဏ်ရာရပြီး မပါဝင်နိုင်ပေမယ့် တောရက်စ်၊ ဘာဘယ်၊ ဒရစ်ကော့(တ်)နဲ့ ဗိုရိုနင်တို့အုပ်စုကအနိုင်အရှုံးရလဒ်ကို ဖန်တီးပေးနိုင်ကြသူတွေပါ။ လီဗာပူးတို့ အဝေးကွင်း ဆိုပေမယ့် ခြေမငြိမ်တဲ့ ပို့စ်မောက်ကို အသာစီးရနိုင်ပါတယ်။

ပို့စ်မောက်ဟာ တိုက်စစ်မှာ ကနူး၊ အူတာကာ၊ တေလာနဲ့ မွန်တာရီတို့ ရှိပေမယ့် အသင်းလိုက်ကစားပုံ မကောင်းသေးပါဘူး၊ ဒါပေမယ့် အိမ်ကွင်းမှာ ပို့စ်မောက်တို့ခြေတွေ့ရင် အသင်းကြီးတွေကို ဒုက္ခပေးလေ့ ရှိတာကို ဘင်နီတက်ဇ် သတိထားမိပြီး ဖိဖိစီးစီးကစားရင် အနိုင်ရနိုင်သလို သရေလဲဖြစ်သွားနိုင်ပါတယ်။

လီဗာပူး နည်းပြ ဘင်နီတက်ဇ်။

(ဓာတ်ပုံ- အင်တာနက်)

စပါးနှင့် အာဆင်နယ်

ပြီးခဲ့တဲ့ ငါးပွဲကို ကြည့်ရင် အာဆင်နယ်တို့ တစ်ကြိမ်သာ အနိုင်ရယူထားနိုင်ပါတယ်။ လူကောင်းတွေရှိနေပြီး ရလဒ်မကောင်းတဲ့ စပါးဟာ အိမ်ကွင်းမှာ အာဆင်နယ်ကို ခြေရည်တူ ကစားပါလိမ့်မယ်။ စပါးရဲ့ ဘာဘာတော့ဗ်၊ ရော်ဘီကိန်း၊ မဲလ်ဘရန့်နဲ့ ဂျာမိန်းဂျီနပ်စ်တို့က အားထားစရာ ကစားသမားတွေ ဆိုပေမယ့် အခုထိခြေစွမ်းက ပုံမှန်မရသေးပါဘူး။ ဒီလိုအနေအထားမှာ အာဆင်နယ်ဟာ နိုင်ပွဲဆက်အောင် လူကုန် ထုတ်သုံးပါလိမ့်မယ်။ စပါးနဲ့ကစားတိုင်း သရေပွဲတွေချည်း ဖြစ်တာများနေလို့ အာစင်ဝင်ဂါးဟာ သူ့လူတွေကို ဒီပွဲအနိုင်ရအောင် ကစားအား တင်ခိုင်းပါလိမ့်မယ်။ ဒါပေမယ့် စပါးနည်းပြ မာတင်ဂျိုးလ်ဟာ အာဆင်နယ်ကို ဘယ်လိုကစားရမယ်ဆိုတာ သိထားသူဆိုတော့ ဒီပွဲက သရေပွဲလဲ ဖြစ်သွားနိုင်ပါတယ်။

ဝက်စ်ဟမ်းနှင့် မစ်ဒယ်ဘရော့

ဒိုင်ယာနဲ့ ယွန်းဘတ်တို့ ဒဏ်ရာတွေရရှိထားလို့ ပါဝင်ဖို့ မသေချာတဲ့ ဝက်စ်ဟမ်းအသင်းဟာ အားနည်းမှုတော့ ရှိနေပါတယ်။ ဝက်စ်ဟမ်းဟာ အဝေးကွင်းမှာ ခြေစွမ်းပြနိုင်သလောက် အိမ်ကွင်း နိုင်ပွဲမရသေးပါဘူး။ မစ်ဒယ်ဘရော့ကတော့ နိုင်ပွဲဆက်နေတာမို့ အဝေးကွင်း ဆိုပေမယ့် စိတ်ဓာတ် အသာစီးနဲ့ ကစားပါလိမ့်မယ်။ ဒါပေမယ့် ဝက်စ်ဟမ်ဆုံတိုင်း ရှုံးပွဲကြုံတတ်တဲ့ မစ်ဒယ်ဘရော့ကိုလဲ စိတ်ချလို့ မရပြန်တာကြောင့် အိမ်ရှင် ဝက်စ်ဟမ်းတို့ကို ပိုကြိုက်မိပါတယ်။

ဝီဂန်နှင့် ဖူလ်ဟမ်

ဝီဂန်ရဲ့အိမ်ကွင်း ကစားပုံကောင်းတာမို့ ဖူလ်ဟမ်တို့ ခက်ခက်ခဲခဲ ကစားရပါလိမ့်မယ်။ ဝီဂန်မှာ ကီးလ်ဘန်း ဒဏ်ရာရနေလို့ မပါနိုင်တာက လွဲပြီး လူစုံကစားနိုင်မှာပါ။ ဖူလ်ဟမ်မှာ အာရွန်ဟူးဂျက်စ်၊ မက်ဘရိုက်နဲ့ ဘစ္စဘာဒ့်တို့ ဒဏ်ရာတွေရထားလို့ ရှိတဲ့လူနဲ့ ပွဲထွက်ရမယ့် သဘော ရှိပါတယ်။ ဖူလ်ဟမ်နဲ့ဆုံတိုင်း ဝီဂန်တို့ အသာစီးရခဲ့တာများတာမို့ ဝီဂန်ကိုပဲ အားပေးချင်ပါတယ်။

ဆန်းဒါးလန်းနှင့် ရက်ဒင်း

အက်ဒ်ဝပ်နဲ့ ဒင်းမိုက်ဟတ်တို့ ဒဏ်ရာတွေ ရနေလို့ မပါနိုင်တဲ့ ဆန်းဒါးလန်းဟာ အိမ်ကွင်းဆိုပေမယ့် ရက်ဒင်းကို ခြေကုန်ထုတ်မှ ရပါလိမ့်မယ်။ ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရလို့ ဝေဖန်ခံနေတဲ့ နည်းပြ ရှိုင်ကိန်းလဲ ဒီပွဲမှာ အနိုင်ရအောင်တော့ ကြိုးစားပါလိမ့်မယ်။ ရက်ဒင်းကလဲ အော်စတာ၊ လစ်တဲလ်နဲ့ ဆွန်ကိုတို့ ဒဏ်ရာတွေ ရထားပါတယ်။ နှစ်သင်းစလုံးက ခြေတူနေတာမို့ ဒီပွဲကိုတော့ သရေအဖြစ် မြင်နေပါတယ်။

ဘာမင်ဂမ်နှင့် ဘော်လ်တန်

အရင်ခြေစွမ်းအရ ဘာမင်ဂမ်တို့ အလေးသာနိုင်ပေမယ့် အခုခြေနဲ့ ဘော်လ်တန်ကို အနိုင်ကစားဖို့ သိပ်မလွယ်ပါဘူး။ အိမ်ကွင်းနိုင်ပွဲ မရသေးတဲ့ ဘာမင်ဂမ်ကို ဘော်လ်တန်တို့ လူကုန်ထုတ် ကစားရင် အသာစီးရသွားနိုင်ပါတယ်။ ဒီနှစ်သင်းက ရှေ့တန်းနဲ့ နောက်တန်း အားနည်းမှုလည်း တူညီတော့ ဘာမင်ဂမ်ဟာ အိမ်ကွင်းမှာ သရေလောက်အထိတော့ မှန်းနိုင်ပါတယ်။ ။

(ကိုးကား-အင်တာနက်)

တရုတ်အမျိုးသမီးဘောလုံးအသင်း ကမ္ဘာ့ဖလား၌ ဒိန်းမတ်ကိုနိုင်

ပေကျင်း စက်တင်ဘာ ၁၃

အမျိုးသမီးကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားလျက်ရှိရာ တရုတ်အမျိုးသမီးဘောလုံးအသင်းက ဒိန်းမတ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိလိုက်သည်။

အနိုင်ဂိုး

အိမ်ရှင်တရုတ်အသင်းအတွက် အနိုင်ဂိုးကို စီယာအိုအလီဆောင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ **(အပေါ်ပုံ)** တရုတ်အသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို လီဂျီက အလွတ်တည်ကန်ဘောမှတစ်ဆင့် သွင်းယူခဲ့ပြီး ဘီယန်းက ဒုတိယမြောက်ဂိုးသွင်းယူခဲ့သည်။

ဒိန်းမတ်အသင်းအတွက် ဂိုးများကို အက်ဝါနယ်ဆင်က ခေါင်းတိုက်သွင်းယူခဲ့ပြီး နောက်တန်းလူ ဆိုရမ်ဆင်က ဒုတိယမြောက်ချေပဂိုးသွင်းယူနိုင်ခဲ့သည်။

(အင်တာနက်)

စုစည်းတင်ပြသူ - မြင့်မောင်စိုး

မန်ယူ၌ ပွဲအများဆုံးကစားသူ ရှိုင်ယန်ဂစ် ဖြစ်လာနိုင်

မန်ယူကစားသမား ရှိုင်ယန်ဂစ်။

(ဓာတ်ပုံ- အင်တာနက်)

လန်ဒန် စက်တင်ဘာ ၁၃

ဆာဘော်ဘီချာလ်တန်သည်မန်ချက်စတာယူနိုက်တက် အသင်း၌ နှစ်ပေါင်း ၂၀ ကာလ အတွင်း ပွဲပေါင်း ၇၅၉ကြိမ်တိုင် ပါဝင် ခြေစွမ်းပြ ကစားခဲ့သည်။

ကောင်းမွန်

ယခုအခါ မန်ယူကစားသမား ရှိုင်ယန်ဂစ်သည်လည်း ဆာဘော်ဘီချာလ်တန်ကဲ့သို့ ပွဲစဉ်အများဆုံး ပါဝင် ကစားနိုင်သူ ဖြစ်ရန် နီးကပ်လာပြီ ဖြစ်သည်။

ဝေလအသင်း ကစားသမားရှိုင်ယန်ဂစ် မကြာမီ အဲဗာတန်အသင်းနှင့် ကစားရန် တံကောက်ကြော ဒဏ်ရာရရှိရာမှ ပြန်လည်ကောင်းမွန်လာပြီဖြစ်သည်။

၎င်းသည် မကြာမီလများအတွင်း မန်ယူ၌ ဆက်တိုက်ပါဝင်ခဲ့လျှင် ဆာဘော်ဘီ၏ စံချိန်တင် ပါဝင်ကစားမှုကို ကျော်လွှားနိုင်မည်ဖြစ်သည်။

(အင်တာနက်)

ဘရာဇီး ဘောလုံးအသင်း အမျိုး သမီး တိုက် စစ်မှူး ဒန်နီလာ။

(ဓာတ်ပုံ- အင်တာနက်)

အမျိုးသမီးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဘရာဇီးအသင်း ပွဲဦးထွက် နိုင်ပွဲရ

ရီယိုဒီဂျနေးရိုး စက်တင်ဘာ ၁၃

အမျိုးသမီး ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိရာ အုပ်စု(ဃ)မှ ဘရာဇီးအသင်းသည် နယူးဇီလန်အသင်းကို ငါးဂိုး-ဂိုးမရှိဖြင့် ပွဲဦးထွက် အနိုင်ရလိုက်သည်။

ဖွင့်ဆော်ဦးဂိုး

ဘရာဇီး အမျိုးသမီးဘောလုံးအသင်းသည် ပွဲစဉ်တစ်လျှောက် နယူးဇီလန်အသင်းကို ခြေစွမ်းပြ ဖိကစားနိုင်ခဲ့သည်။ ဘရာဇီးအသင်းအတွက် ဖွင့်ဆော်ဦးဂိုးကို ဒါနီလာက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယမြောက်ဂိုးကို ခရစ်စတီယာနိုက သွင်းယူခဲ့ခြင်းဖြစ်သည်။ ၎င်းကပင် နယူးဇီလန်ဂိုးရှေ့သို့ ဘောလုံးကို အနေတော်ဖြတ်ပို့ခဲ့ရာ တိုက်စစ်မှူး မာတာက မနားတမ်းကန်သွင်းယူလိုက်၍ ဘရာဇီးတို့ တတိယမြောက်ဂိုး ရရှိခဲ့သည်။ စတုတ္ထမြောက်ဂိုးကို ကော့စတာနှင့် မာတာတို့က အသီးသီးသွင်းယူခဲ့ကြသည်။

(အင်တာနက်)

Hair Regrow Centre မှ အလှကုန်ပစ္စည်းများကို ရန်ကုန်မြို့ရှိ Shopping Centre များတွင် အောက်ပါအစီအစဉ်အတိုင်း အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးမည်။

အထူးအခွင့်အရေးတစ်ရပ်ဖြင့် ကုန်ပစ္စည်း (၁၀၀၀ဝိ/–)ဖိုးနှင့် အထက်ဝယ်ယူပါက (၃၀–၁၀–၂၀၀၇)နေ့တွင် FMI Shopping Centre တွင်ကျင်းပသော စိုင်းစိုင်းခမ်းလှိုင်၏ သီချင်းဆိုပြိုင်ပွဲ၌ စိုင်းစိုင်းနှင့် အမှတ်တရဓာတ်ပုံ တစ်ပုံရိုက်ခွင့်ရမည့်အပြင် စိုင်းစိုင်း၏သီချင်းများထဲမှ မိမိကြိုက်နှစ်သက်ရာသီချင်းတစ်ပုဒ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိနိုင်မည်။ အကောင်းဆုံးအဆိုရှင်ဆုကို စိုင်းစိုင်းကိုယ်တိုင် ရွေးချယ်ပြီး ဆုချီးမြှင့်မည်။

၁။ Blazon
၂၂–၉–၂၀၀၇ မှ ၄–၁၀–၂၀၀၇
၂။ စိန်ဂေဟာ(ပြည်လမ်း)
၂–၁၀–၂၀၀၇ မှ ၈–၁၀–၂၀၀၇
၃။ Junction (8)
၉–၁၀–၂၀၀၇ မှ ၁၁–၁၀–၂၀၀၇
၄။ ဒဂုံစင်တာ
၁၂–၁၀–၂၀၀၇ မှ ၁၃–၁၀–၂၀၀၇
၅။ North Point Centre (Ocean)
၁၅–၁၀–၂၀၀၇ မှ ၁၈–၁၀–၂၀၀၇
၆။ ဝေဇယန္တာစင်တာ
၂၀–၁၀–၂၀၀၇မှ ၂၁–၁၀–၂၀၀၇
၇။ လပြည့်ဝန်း ပလာဇာ
၂၂–၁၀–၂၀၀၇မှ ၂၈–၁၀–၂၀၀၇

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇော်ဝိတ် ပိုင်ဆိုင်သော ၆ခ/၈၇၁၇၏ အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။

ဖုန်း–၀၉၉၉–၇၁၈၇၆။

KMD Computer Centre (Since 1986) ဆိပ်ကမ်းသာ

အခြေခံမှစ၍ နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design :: Practical A+ :: LCCI Computerised Accounting :: Special Effect :: Accpac Plus::Basic Software Engineering :: AutoCAD :: Programming (C, C++, Java, VB.net, ASP, MS Access, Excel)

၅၅–၅၇၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း–၃၉၁၂၈၆/ ၃၉၁၂၈၇

နိုင်ငံတကာ စံချိန်စံညွှန်းအဖွဲ့၏ ISO 9001:2000 အရည်အသွေးစီမံခန့်ခွဲမှုလက်မှတ်ရ

ဦးသာရင် သွက်ချာပါဒလေငန်းဆေးပြား

လေဖြတ်၊လေငန်းရောဂါကိုကုသခြင်း၊ ကြိုတင်ကာကွယ်ခြင်း နှင့် လေရောဂါများအတွက် သောက်သုံးနိုင်ပါသည်။

ဦးသာရင်ဆေးတိုက် အမှတ်(၁၃၀ /၆)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၄၈၈၇၄၊

၀၅၀၇ YR ၀၁၅၂၀
၁၀/၂၀၀၅ ထဆထလ /တိုး(၁၀၉)

Certificate TH06/0850.0QM

ဂုဏ်ထူးတံခွန်

တက္ကသိုလ်ဝင်တန်း

၁။ **သင်္ချာ** မေးခွန်းများနှင့် တွက်နည်းအဖြေပုံများ
၂။ **ဓာတုဗေဒ** မေးခွန်းများနှင့် အဖြေများ
၃။ **ရူပဗေဒ** မေးခွန်းများနှင့် အဖြေများ
၄။ **ဇီဝဗေဒ** ဖြေနည်းလမ်းညွှန်နှင့် ရှင်းလင်းချက်များ
၅။ **အင်္ဂလိပ်စာ** မေးခွန်းများနှင့် ဖြေနည်းလမ်းညွှန်များ

သင်ခန်းစာအခန်းများအလိုက် လေ့လာကျက်မှတ်သင့်သော အဓိပ္ပာယ်သတ်မှတ်ချက်များ၊ မေးခွန်းများ၊ ဥာဏ်စမ်းပုစ္ဆာများပါသည်။

SDN မြန်မာ့နိုးရေး စန္ဒာညွန့်စာပေ၊ ၁၂၆၊ ၃၄–လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၁–၂၄၆၁၃၁၊ ၂၅၆၁၄၅

အမြို့မြို့ဆိုင်တိုင်းမှာရပြီ

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ထ/၃၂၃၂၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်နီလာလွင် ၁၂/မရက(နိုင်)၀၈၂၅၁၅က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး၊
(ရန်ကုန်အနောက်ပိုင်းရုံး)။

ဆက်သွယ်ကြပါရန် ပန်ကြားအပ်ပါသည်

အောက်ဖော်ပြပါ ကားများအား လက်ဝယ်ရှိသူများ ဒေါက်တာဒေါ်ခင်ခင်လေး ဖုန်း–၅၈၀၈၃၉၊ ၂၉၇၂၂၈သို့ ဆက်သွယ်ကြပါရန် ပန်ကြားအပ်ပါသည်။

၁။ တိုယိုတာကိုရိုလာ(ဆလွန်း) ကက/၈၁၄၃ (ဒေါ်ခင်ခင်ကြီး အမည်ပေါက်)
၂။ တိုယိုတာကိုရိုလာ(ဗင်) ၂က/၇၃၂၉(၉၅ ပုံစံ)
၃။ တိုယိုတာခရပ်စတာ(ဗင်) ကက/၈၆၁၆
၄။ ပါဂျဲရိုး Pajero ၄၆ ၂ခ/၇၄၄၂
၅။ မန္တလေး Jeep အောင်ကိုလတ် ဝယ်ရောင်းလုပ်

ဒေါက်တာဒေါ်ခင်ခင်လေး
M.B.,B.S, (YGN) D.T.P.H(Lon)
D.C.H(Cert) U.K
အိမ်ဖုန်း–၅၈၀၈၃၉။

ခင်မောင်မောင် B.A(D.S.A),B.L
တရားရုံးချုပ်ရှေ့နေ
၁၁၃၊ ၄၂ လမ်း၊
ဖုန်း–၃၈၀၁၈၉၊ ၂၉၇၂၂၈၊ ၃၇၆၄၈၁။

ရောင်းမည်

တည်နေရာ	။ ။	အမှတ်(၄)၊ ဈေးမြောက်လမ်း၊ ကန်တော်မင်တပ်နယ်၊ ဒဂုံမြို့နယ်(ဦးဝိစာရလမ်းနှင့် ရွှေတိဂုံဘုရားလမ်းကြား) E ကွန်ဒို
အထပ်	။ ။	မြေညီထပ်
အကျယ်အဝန်း	။ ။	2160 sq.ft (60' x 36')
ဖွဲ့စည်းပုံ	။ ။	အိပ်ခန်းလေးခန်း၊ နှစ်ခန်းသည်အိမ်သာရေချိုးခန်းတွဲလျက်၊ ဧည့်ခန်း၊ ထမင်းစားခန်း၊ မီးဖိုခန်း၊ အခန်းပြည့် ကိုရီးယားပါကေးခင်းပြီး
ပါဝင်သည့်ပစ္စည်းများ	။ ။	အဲယားကွန်းလေးလုံး၊ ဖုန်းတစ်လုံး၊ ရေနှင့်မီးတပ်ဆင်ပြီး
ဆက်သွယ်ရန်	။ ။	**ဖုန်း–၀၉–၈၀–၃၂၂၇၇။**

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် စက/၈၀၄၉၊ ဂျာလင်း JL 90 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးထွန်းထွန်းဟန် မှတ်ပုံတင်အမှတ် ၅/ရဥန(နိုင်)၀၀၂၀၈၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ရွှေဘိုမြို့)။

ကျေးဇူးဆပ်ပါမည်

မော်တော်ယာဉ်အမှတ် ၆ခ/၈၇၅၇၏ အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။

ဖုန်း–၀၉–၉၉–၇၁၈၇၆။

ခင်ပွန်းဖြစ်သူ ဦးဟန်ဝင်းမြင့်(ခ)ဦးချိုကြီးအားရည်စူး၍ အမှတ် ၃၉(ရှစ်လွှာ) ၈လမ်း လမ်းမတော်မြို့နယ်နေ ဒေါ်စန္ဒာနွယ် (အထက–၁၊ လမ်းမတော်)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးတင်မောင်ဝင်း လက်ခံယူစဉ်။ (က–ပ)

စက်တင်ဘာ ၁၃ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ကြံခင်းကျောင်းပရိယတ္တိစာသင်တိုက်အတွင်း အသစ်ဆောက်လုပ်လျက်ရှိသော သုံးထပ်ကျောင်းဆောင်တော်ကြီးအတွက် ဒေါက်တာဦးတင့်ဆွေ–ဒေါ်နီနီသိန်းမိသားစု အခန်း၄၀၁ တိုက်(၇) အေးရိပ်မွန် ၈လမ်း (၅)ရပ်ကွက် လှိုင်မြို့နယ်မှ မြေညီထပ် ၁၀ပေ x၁၀ပေ တစ်ခန်းအတွက် အလှူငွေကျပ် ၁၂၅၀၀၀နှင့် ဆွမ်းဆန်တစ်အိတ်ကို ဆရာတော်ပဏ္ဍိစ္စရှေ့မှောက်၌ ပေးအပ်လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေးကော်မတီ(အတွင်းရေးမှူး)ဦးဘဝင်း လက်ခံယူစဉ်။ (က–ပ)

ကျေးလက်စက်ရေတွင်းများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၃

အရာတော်မြို့နယ် ကျေးလက်စက်ရေတွင်းများ ပုံမှန်လည်ပတ်၍ သုံးစွဲနိုင်မှုရှိ၊မရှိကို စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ကြီးကြပ်မှုဖြင့် လက်ထောက်အင်ဂျင်နီယာ(စက်မှု)ဦးဇော်လင်း ခေါင်းဆောင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးရာ ကျောက်ပျောက်ကျေးရွာ စက်ရေတွင်း အခြေအနေများကို မြို့နယ်တာဝန်ခံအင်ဂျင်နီယာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးသင်းအောင်က ရှင်းလင်းပြသ၍ စစ်ဆေးဆောင်ရွက်ခဲ့သည်။

အလားတူ အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှတာဝန်ယူဆောင်ရွက်ခဲ့သော ကျေးလက်ရေပေးရေးစက်ရေတွင်းများ ပုံမှန်လည်ပတ်မှု ရှိ၊မရှိကို စစ်ကိုင်းတိုင်းစည်ပင်သာယာရေးအဖွဲ့ကကြီးမှူး၍ ဩဂုတ်၁၅ရက်က လက်ထောက်အင်ဂျင်နီယာ ဦးမျိုး ခေါင်းဆောင်သောအဖွဲ့သည် ကုန်းကြီးကျေးရွာရှိ စက်ရေတွင်းကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်က ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပေးခဲ့သည့် တောင်ပို့ကြီးကျေးရွာ စက်ရေတွင်း ရေစက်ရုံနှင့် အုတ်ကန်များ ကြံ့ခိုင်မှု ရှိ၊မရှိကို မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြွေးလွင်နှင့် အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းတို့ စက်တင်ဘာ ၅ရက်က ကြီးကြပ်စစ်ဆေးဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ဟားဆောင်းမြို့နယ်၌ သန့်ရှင်းရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၁၃

ဟားဆောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ ဘေးပတ်ဝန်းကျင်ကို ဩဂုတ်၁ရက်ကစည်ပင်ရုံးဝန်ထမ်းများစုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုအား အမှုဆောင်အရာရှိ ဦးသိန်းထိုက်က ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ဝန်းသိုမြို့နယ်စည်ပင်သာယာရေးဈေး ကွင်းဆင်းစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၃

ဝန်းသိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်းရှိ သား၊ငါးရောင်းချသည့် ဆိုင်ရှင်များက ယင်လုံဆန်ခါဖြင့် ရောင်းချခြင်းကို ဝန်းသိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချင်ဦးက စက်တင်ဘာ၃ရက်တွင် ကွင်းဆင်းစစ်ဆေးရာ ဈေးတာဝန်ခံ ဦးမျိုးသန့်ဝင်းက ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(က–ပ)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မန္တလေးကျုံးအတွင်း ရေမှော်များစနစ်တကျစုပုံသယ်ယူ သဘာဝမြေသြဇာထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်

မန္တလေး စက်တင်ဘာ ၅

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူး ဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် ဩဂုတ် ၂၈ ရက် ညနေ ၃နာရီခွဲက အောင်မြေသာစံမြို့နယ်တွင် ကျုံးအတွင်းမှ ရေမှော်များဆယ်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ပန်းခြံလမ်းရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ဇဟိုကုန်လှောင်ရုံအတွင်း ကတ္တရာပုံးများရောက်ရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ် ၁၂လမ်းနှင့် ၇၆လမ်းဆုံ ကျုံးဘေးသို့ရောက်ရှိလာရာ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ဌာနခွဲမှူး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက ကျုံးပတ်လည်တွင် Aquamarineမှော်ဆယ်စက်ကြီးနှစ်စီး အပါအဝင် လူအင်အားဖြင့် ကျုံးအတွင်းမှ ရေမှော်များ ဆယ်ယူရှင်းလင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။ **(ဝဲပုံ)**

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် ကျုံးအတွင်း Aquamarine မှော်ဆယ်စက်ဖြင့် ရေမှော်များ ဆယ်ယူရှင်းလင်းနေမှု၊ ဆယ်ယူပြီး ရေမှော်များကို စနစ်တကျစုပုံသယ်ယူ ရှင်းလင်းနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး စုဆောင်းရရှိသည့် ရေမှော်များကို ရေတံခွန်တောင်ဒေသ မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ ဘက်စုံစိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ အမှတ်(၂) အတွင်း သဘာဝမြေသြဇာထုတ်လုပ်နိုင်ရန်အတွက် စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ရောက်ရှိမှု

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်ပန်းခြံလမ်းရှိ မန္တလေး မြို့တော် စည်ပင်သာယာရေးကော်မတီ ဇဟို ကုန်လှောင်ရုံအတွင်း ကတ္တရာပုံးများ ရောက်ရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံနှင့် ကုန်ရုံဌာန ဌာနမှူး၊ လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား လိုအပ်သည်များ မှာကြား ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ကျောက်မဲခရိုင် ပြန်/ဆက်ဦးစီးဌာနကြီးမှူး ကျေးရွာပြည်သူများ စာဖတ်အလေ့အကျင့်မြင့်မားရေးဆောင်ရွက်

ကျောက်မဲ စက်တင်ဘာ ၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ **ကျေးရွာနေပြည်သူများ စာဖတ်သည့်အလေ့အကျင့် ပိုမိုမြင့်မားလာစေရန်အတွက် စာဖတ်ဝိုင်းများ ဆောင်ရွက်လျက်ရှိရာ** ဩဂုတ် ၂၁ရက် မွန်းလွဲ ၂နာရီက မိုင်းတင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းစာဖတ်ဝိုင်း၌ ကျင်းပရာ အခမ်းအနားသို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်ကိုနှင့် ဝန်ထမ်းများ၊ **ကျေးရွာဥက္ကဋ္ဌ ဦးစိုးမောင်နှင့်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဦးခင်ဇော်နှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။**

ရှေးဦးစွာ ကျေးရွာဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိက ကျေးရွာစာကြည့်တိုက်များ ခိုင်မာအောင် ဆောင်ရွက်ရမည့် နည်းလမ်းများကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဒေါ်နှင်းရည်က စာဖတ်ဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ချစ်နိုင်(စိတ်ပညာ)၏ အကြီးအမှူးဖြစ်စေတတ်သောစာအုပ်မှ ငယ်စဉ်ချိန်ခါပညာရှာကိုလည်းကောင်း၊ မြဖူး(ပြန်/ဆက်)၏ စာဖတ်ခြင်းအလေ့အထ တိုးပွားမြှင့်တင်ကြကိုလည်းကောင်း၊ ဒို့ကျေးရွာဂျာနယ် အတွဲ(၄) အမှတ်(၁၆)ပါ စဝ်ရွှေလှိုင်(ဖောင်းပြင်)၏ မြေမအားလူမနား စကမြေပဲစိုက်စို့လား ကိုလည်းကောင်း ဖတ်ကြားဆွေးနွေးကြသည်။

အလားတူ ဩဂုတ် ၂၁ရက် နံနက်ပိုင်းကလည်း ကျောက်မဲကြီးကျေးရွာ၌လည်းကောင်း၊ ၂၀ရက်က ကွဲကုန်းကျေးရွာနှင့် နမ့်ဟူးတောင်းကျေးရွာစာကြည့်တိုက်၌လည်းကောင်း စာဖတ်ဝိုင်းများ ကျင်းပခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ခပေါင်းရေအားလျှပ်စစ်စီမံကိန်းဝန်ထမ်းများ အရိပ်ရသစ်ပင်များ စုပေါင်းစိုက်ပျိုးပွဲကျင်းပ

အုတ်တွင်း စက်တင်ဘာ ၃

အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ် (၃) တည်ဆောက်ရေးအဖွဲ့ အုတ်တွင်းမြို့နယ် ခပေါင်း ရေအားလျှပ်စစ်စီမံကိန်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဩဂုတ် ၂၈ရက် နံနက်ပိုင်းက ခပေါင်း ရေအားလျှပ်စစ် စီမံကိန်း လုပ်ငန်းခွင်တွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ညွှန်ကြားရေးမှူး ဦးမော်သာထွေး၊ဒုတိယညွှန်ကြားရေးမှူး ဦးသောင်းဟန်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းနှင့် ဝန်ထမ်းများ အုတ်တွင်း မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနိုင်ဝင်းဇော်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စိုက်ပျိုး

အခမ်းအနားတွင် ညွှန်ကြားရေးမှူး ဦးမော်သာထွေးနှင့် အုတ်တွင်း မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌဦးနိုင်ဝင်းဇော်တို့က အမှတ်တရသစ်ပင် စတင်စိုက်ပျိုးပေးပြီး **(အပေါ်ပုံ)** တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တည်ဆောက်ရေး ဝန်ထမ်းများက အရိပ်ရသစ်ပင် ၁၇၈၀ ကျော်ကို စိုက်ပျိုးကြကြောင်း သိရသည်။

(၁၁၆)

ဩဂုတ် ၂၀ရက်က မကွေးမြို့မဈေးကြီး အတွင်း သွေးလွန်တုပ်ကွေး ရောဂါကာကွယ်ရန်အတွက် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို မကွေး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးတင်နု ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ဒုတိယဦးစီးမှူး(ဈေး) ဦးကျော်ဌေးဦးနှင့် ကျန်းမာရေးမှူး ဦးဘိုလင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပြွန်တန်ဆာဈေးအတွင်း သားငါးရောင်းချသောဆိုင်များ သန့်ရှင်းမှု ရှိ မရှိနှင့် လေလံစည်းကမ်းချက်ပါ ဈေးနှုန်းများအတိုင်း ရောင်းချခြင်းရှိ မရှိကို စက်တင်ဘာ ၅ရက်က ဒုတိယဦးစီးမှူး(ဈေး)ဦးခင်မောင်အေးနှင့် ဈေးတာဝန်ခံတို့ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဗလငါးတန်
ဖွံ့ဖြိုးရန်
စာအုပ်စာပေ
လေ့လာစို့

ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျိုင်းတုံ၌ ကျင်းပ

ကျိုင်းတုံ ဇူလိုင် ၁၆

၂၀၀၆-၂၀၀၇ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့ကြသောကျောင်းများနှင့် ကျောင်းသားကျောင်းသူများအား မြရတနာမိသားစု၏ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက်က ကျိုင်းတုံမြို့ ကျိုင်းငမ်းမူလတန်းကြိုကျောင်း ပါရမီခန်းမဆောင်၌ ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ မြရတနာမိသားစုမှ ဦးကျော်တင့်-ဒေါ်နန်းတီးနှင့် သားသမီး တို့က ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်ချက်အကောင်းဆုံး ကျောင်းဖြစ်သော အထက(၁) ကျိုင်းတုံမြို့အတွက် စာသင်ခုံများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဖောင်းခမ်းက လက်ခံယူသည်။ **(ဝဲပုံ)**

ဂုဏ်ပြုလွှာ

ထို့နောက် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရအောင် သင်ကြားပေးသော ဆရာ ဆရာမများအား အလှူရှင် မြရတနာမိသားစုနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လှိုင်သာယာမြို့နယ် အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာ အသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို စက်တင်ဘာ ၂ရက်က ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဇော်က အဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

ကလေးမြို့နယ် တောင်သာ-ပွန်ထာကျေးလက်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ကလေး ဩဂုတ် ၂၇

ကလေးမြို့နယ် တောင်သာ-ပွန်ထာကျေးလက်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက်က တောင်သာရွာမုခ်ဦး၌ ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သာအေး၊ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်တို့ တက်ရောက်ချီးမြှင့်ခဲ့ကြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလတ်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ဝင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များက လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ (၄၁၇)

ကောလင်းမြို့နေ ဦးကျော်ခင်ကြီး-ဒေါ်သန်းပု၊ ဦးငွေမောင်-ဒေါ်စိန်တင်တို့ ဦးဆောင်သော နိဗ္ဗုဒ္ဓပုညကာရီ ဆွမ်းကပ်အဖွဲ့၏ (၂၆)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူခြင်းကို စက်တင်ဘာ ၃ရက်က မန္တလေးခရိုင် အမရပူရမြို့ မဟာဂန္ဓာရုံ ပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ရဟန်း၊ သာမဏေ အပါး ၁၃၉၀ နှင့် ဖိုးသူတော်အပါး ၄၀တို့အား အရုဏ်ဆွမ်းနှင့် နေ့ဆွမ်း လောင်းလှူ ဆက်ကပ်စဉ်။ (၃၃၃)

ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရာဇာလင်း ဦးစီးဆောင်ရွက်သော မြို့ပြလမ်းဖြစ်သည့် လေးထပ်ပြင်လမ်း ကျောက်ချောခင်းခြင်းနှင့် အားကစားကွင်းအဝင်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်မှုကို ဩဂုတ်၂၃ရက်က အမှုဆောင်အရာရှိဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသီဟဖြိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မင်းတပ်မြို့၌ ပြည့်ရင်သွေး မူကြိုကျောင်းဖွင့် အလှူငွေနှင့် ပစ္စည်းများပေးအပ်လှူဒါန်း

မင်းတပ် စက်တင်ဘာ ၈

ချင်းပြည်နယ် မင်းတပ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် ပြည့်ရင်သွေး မူကြိုကျောင်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃ ရက် နံနက် ၉ နာရီက စံပြရပ်ကွက်ရှိ အဆိုပါ မူကြိုကျောင်းတွင် ကျင်းပသည်။

ဖွင့်လှစ်

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းနှင့် ခရိုင် အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကီးလီတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က အမှာစကားပြောကြားပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းက ပြည့်ရင်သွေး မူကြိုဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းကြသည်။

(ခရိုင် ပြန်/ဆက်)

ကျေးလက်ဒေသ သောက်သုံးရေရရှိရေး ကျွန်းလှ၌ အကောင်အထည်ဖော်ဆောင်ရွက်

ကျွန်းလှ စက်တင်ဘာ ၂

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး ၁၀နှစ်စီမံကိန်းကို ရာနှုန်းပြည့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီးဖြစ်ရာ နှစ်လက်မ စက်ရေတွင်းများ၊ လက်နှိပ်တုံကင်တွင်းများ စသည်တို့တွင် စက်ပစ္စည်းများ၊ ရေကန်၊ စက်ရုံ အဆောက်အအုံများ ကောင်းမွန်ခြင်းရှိ မရှိနှင့် ရေထွက်ရှိ သုံးစွဲမှုအခြေအနေတို့ကို ကွင်းဆင်းစစ်ဆေးလျက်ရှိရာ ဩဂုတ် ၂၀ ရက်က ဇီးတောကျေးရွာ စက်ရေတွင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော် လက်ထောက်အင်ဂျင်နီယာ ဦးလှမျိုးဝင်းနှင့် အဖွဲ့တို့ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ်များ သက်တမ်းတိုးဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ရက်က ဒုတိယဦးစီးမှူး(အခွန်)ဒေါ်စန်းစန်းထူးနှင့် ဝန်ထမ်းများ အနေးယာဉ်များ ကွဲခိုင်မှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ဖားကန့်မြို့၌ ပန်းအလှပင်များ ရွှေ့ပြောင်းစိုက်ပျိုး

ဖားကန့် စက်တင်ဘာ ၂

ဖားကန့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင်ရုံး သာယာလှပမှု ရှိစေရေးအတွက် ဒုတိယဦးစီးမှူး ဦးတင်မောင်ထွေး ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဩဂုတ်၈ရက်က အဖွဲ့ရုံးအတွင်းရှိ ပန်းခွက်များတွင် စိုက်ပျိုးထားသော ပန်းအလှပင်များ ပေါင်းသင်ခြင်းနှင့် ရွှေ့ပြောင်းစိုက်ပျိုးခြင်း လုပ်ငန်းကို ဆောင်ရွက်ကြရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဦးအောင်တင်က ၂၀၀၇ ခုနှစ် မိုးရာသီ ဘဏ်ချေးငွေကို မြို့နယ်အတွင်းရှိ လယ်သမားများအား ထုတ်ချေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မတ္တရာ၌ စာကြည့်တိုက်အဆောက်အအုံပေါ်ထွန်းရေး ဆွေးနွေး သတင်းစာနှင့် သုတရသ စာအုပ်မျိုးစုံပေးအပ်လှူဒါန်း

မတ္တရာ စက်တင်ဘာ ၈

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ သတင်းစာနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌဦးကျော်သိန်းက အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးစောဌေးက ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ သတင်းစာနှင့် စာအုပ်လှူဒါန်းပွဲ ကျင်းပရသည့် ရည်ရွယ်ချက်နှင့် စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေး၊ စာကြည့်တိုက် အဆောက်အအုံများ ဖြစ်ထွန်း ပေါ်ပေါက်ရေးနှင့် စာကြည့်တိုက် မှတ်ပုံတင်ရေးတို့ကို ရှင်းလင်းဆွေးနွေးသည်။

လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက ဌာနဆိုင်ရာများမှ လစဉ်လှူဒါန်းသည့် သတင်းစာများကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူးဦးစောဌေးက ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိ သုတရသစာအုပ်မျိုးစုံအုပ် ၁၃၅၀ကို လည်းကောင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က သုတရသစာအုပ်မျိုးစုံအုပ် ၁၀၀ကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျေးရွာအုပ်စု ၈၈အုပ်စု ဥက္ကဋ္ဌများကိုယ်စား စလေကျေးရွာအုပ်စုမှ ဥက္ကဋ္ဌဦးဇော်လွင်ဦးက လက်ခံယူကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ကဝမြို့နယ် (၁၅)ကြိမ်မြောက် မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အခမ်းအနားကို ဩဂုတ် ၂၀ရက်က ကဝမြို့ အထက ဆရာဖိုးကျော့အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်ပညာရေးမှူးဒေါ်ကြင်ကြင်ဝင်းက ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများကို ပြိုင်ပွဲဝင်များအား ရှင်းလင်းပြောကြားစဉ်။ (၂၄၀)

တွံတေးမြို့ ကျွန်းတောရပ်ကွက် (၄၈)ကြိမ်မြောက် ကျွန်းသာယာ တနင်္ဂနွေ ဆွမ်းလောင်းအသင်းမဏ္ဍာရုံ၌ စက်တင်ဘာ ၉ရက်က အလှူရှင် ကျွန်းတော (၃)လမ်းနေ ဦးစိုးဝင်း–ဒေါ်အေးမေ မိသားစုက ပင့်သံဃာများနှင့် သီလရှင် စုစုပေါင်းအပါး ၁၂၀၀ အား ဆွမ်းနှင့်ဆွမ်းဟင်းများ လောင်းလှူကြစဉ်။ (၃၈၀)

တောင်ငူခရိုင် ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ခြံကြီးကျေးရွာရှိ ရေတုံကင်တပ်ဆင်ပြီးစီးမှုကို ဩဂုတ် ၁ရက်က အမှုဆောင်အရာရှိ ဦးကျော်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းလွင်တို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
တော်သလင်းလဆန်း ၄ ရက်
၁၅–၉–၂၀၀၇ (စနေနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ပုဗ္ဗဏှသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၀၉း၃၀ တူယှဉ်သီကြွေးစုံတွဲတေး
(၁) စနေမှာရှာတဲ့မိုး (ဇော်ဝင်းထွဋ်၊ ဟေမာနေဝင်း)
(၂) ချစ်သူရေ (ကျော်ဟိန်း၊ ချိုပြုံး)
(၃) ချစ်လား (R ဇာနည်၊ ဆုန်သင်းပါရ်)
၀၉း၄၅ အာဆီယံအစီအစဉ်
၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (သက်စုံရွယ်ညီတစ်ဦးစီ သုံးပင်စိုက်ပျိုးရေးစည်းရုံးပေး)
၁၁း၃၅ မေတို့ရေးရာသိမှတ်စရာ (မြန်မာနိုင်ငံ အမျိုးသမီး စွမ်းဆောင်ရှင်များအသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် ဆွေးနွေးခန်း)
၁၂း၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၂း၁၀ ကလေးများ၏ ဉာဏ်စမ်းပဟေဠိ အစီအစဉ်
၁၂း၄၅ (၂၁)ရာစုလူမှုဝေါဟာရမိတ်ဆက် (ပထမပိုင်း–မောင်ဆုရှင်)
၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (အထက်တန်းဓာတုဗေဒ ဓာတ်ပြုနှုန်း၊ ဓာတုမျှခြေနှင့် စွမ်းအင်ခြေ ပြောင်းလဲမှု)

ညနေပိုင်း

၁၆း၁၀ သိမှတ်စရာ မြန်မာစကား မြန်မာစာ (စာပေထဲကချစ်စကား မှန်းစကား) (မောင်ခင်မင်–ဓနုဖြူ)
၁၆း၁၅ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မောင်မှန်းရက်ရင် မုန်းလိုက်ပါ (နိုင်နိုင်မော်)
(၂) ပြန်လည်ဆုံတွေ့မယ်ဆိုရင် (ကိုအေးသန်း)
၁၇း၀၀ **(၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အဆိုပြိုင်ပွဲဝင်များလေ့လာရန် (ခေတ်ဟောင်း/ကာလပေါ်တေး)**
၁၇း၂၀ **၂၀၀၇ ခုနှစ် အာဆီယံ အမျိုးသမီး ဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ) တိုက်ရိုက်အသံလွှင့်ခြင်း**
၁၇း၄၅ ကျန်းမာကြံ့ခိုင်ဖို့မဏ္ဍိုင် (ကျန်းမာမှုဆိုင်ရာ ရုပ်ပိုင်းအလှနှင့် စိတ်ပိုင်းအလှ–သက်နှင်းပွင့်ဦး) (Beauty Max မဂ္ဂဇင်း)
၁၈း၂၅ အင်္ဂလိပ်စကားပြောသင်ခန်းစာ (ဒေါ်နှင်းရည်)
၁၈း၄၀ လှပသာယာအိမ်ဂေဟာ (ဖိုက်ဘာဂလပ်များကိုသုံးစွဲပါ)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး
၂၀း၃၀ တေးသံစုံ (မြန်မာ့အသံအဖွဲ့)
၂၀း၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အချစ်လေ့လေးမှောက်မှာစိုးတယ် (ခင်မောင်လွင်)
(၂) မောင့်ထံသို့ (လေး)
(၃) ခွင့်လွှတ်ရင်းနဲ့ နှစ်သိမ့်ပါတယ် (မျိုးမြင့်လေး)

မဇ္ဈိမဒေသဗုဒ္ဓဂယာ မြေမြတ်မဟာတွင်ဆောက်လုပ်နေဆဲဖြစ်သည့် အိန္ဒိယနိုင်ငံဆိုင်ရာပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး) အတွက် ရန်ကုန်တိုင်းလသာ မြို့နယ် ၂၁လမ်း လောကချမ်းသာဝတ်အဖွဲ့မှ စုပေါင်းလှူဒါန်းငွေကျပ်၇၉၀၀၀နှင့်ဒေါ်ခင်အေးဝင်းနှင့်ဓမ္မမိတ်ဆွေများ ဒုတိယအကြိမ်လှူဒါန်းငွေကျပ်ခုနစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌဆရာတော်ဦးနန္ဒဝံသနှင့် အတွင်းရေးမှူး ဆရာတော် အရှင်ဥက္ကဋ္ဌ(မြစ်ကျိုး)၏ရှေ့မှောက်၌လှူဒါန်းရာ အကျိုးဆောင်ဒေါ်ကေသက်မော်က လက်ခံယူစဉ်။ (က–ပ)

ဩဂုတ်၃၀ရက်က ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင် ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ် (မန္တလေးဘက်)အနီး မြေယာအလှရှုခင်းဆောင်ရွက်ရန် ပလက်ဖောင်းကပ်တုံး ဆောင်ရွက်မှုနှင့်မြေနေရာအနေအထားကိုကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းလင်းထွန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၂၄၃၈၁၊ Yamahar DT(125) လက်ဝယ်ရှိသူ ဦးတင်မောင် ၁၂/မဂဒ(နိုင်) ၀၂၃၇၉၉ က (ကမ–၃)မိတ္တူလျှောက်ထားသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ (ခရိုင်ရုံး)တာချီလိတ်။

မိဘအမည်မှန်

ကချင်ပြည်နယ် ဗန်းမော်မြို့ အထက (၂) ဆဋ္ဌမတန်း(စီ)မှ မစွဲ့စန္ဒာထွန်း၏ ဖခင်နှင့် မိခင်အမည်ရင်းအမှန်မှာ ဦးစိန်မြင့် ၁/မကတ(နိုင်) ၀၁၄၈၉၄ နှင့် ဒေါ်အေးနန္ဒီ ၁/မကတ(နိုင်) ၀၁၄၈၉၃ တို့ဖြစ်ပါသည်။ **ဦးစိန်မြင့်–ဒေါ်အေးနန္ဒီ။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၃၅၅၆၅ Honda Dream C 100 S/M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၈/ရနခ(နိုင်) ၀၂၇၇၃၅က (ကမ–၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး (မကွေး)သို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။
ကညန၊တိုင်းရုံး(မကွေး)။

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

တောင်ကြီးမြို့ စဝ်စံထွန်းရပ် စိတ္တသုခလမ်း အမှတ် ၁၆၈ နေ ဦးသိန်းမြင့်က တောင်ကြီးမြို့ ပြည်တော်သာရပ် သစ္စာလမ်း အမှတ် ၁၉၅ နေ ဒေါ်နှင်းဆွေ ၁၃/တကန (နိုင်) ၀၀၉၂၇၁ထံ လွှဲအပ်ထားသော ၁၅–၅–၂၀၀၇ ရက်စွဲပါ ကိုယ်စားလှယ်လွှဲစာ အမှတ် (၁၁၇/၂၀၀၇)အား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်သည်။
ဦးသိန်းမြင့် ၁၃/တကန(နိုင်) ၀၂၉၆၄၀။

ဖခင်အမည်မှန် အထက ပုတီးကုန်းမြို့ ဆဋ္ဌမတန်း(ဂ)မှ မအိသန္တာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးသန်းညွှန့် ဖြစ်ပါကြောင်း။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၅၄၁၉၉၊ Hi-Bird HB.125 လက်ဝယ်ရှိသူ ဦးလှဘော် မှတ်ပုံတင်အမှတ် ၉/ကဆန(နိုင်)၀၀၉၄၀၅က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် မိတ္တူလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ခရိုင်ရုံး) ကျောက်ဆည်မြို့။**

သူနာပြုအကူ/လူနာစောင့်
နေ့/ည ၂၄နာရီငှားရမ်းနိုင်ပါသည်၊
ချမ်းမြေ့ သန္တာ
၈၂ ဗဟိုလမ်း၊ စမ်းချောင်း
ဖုန်း–၅၁၀၃၈၁၊ ၅၂၅၀၅၁၊ (ရုံးချိန်)
–၂၁၂၂၄၃ (ရုံးချိန်ပြင်ပ)

ကန်ထရိုက်တာများဆက်သွယ်ပါ

တည်ဆောက်ရေးလုပ်ငန်းခွင်တွင်(RC-Work)များ လုပ်ကိုင်ရန် လေဘာကန်ထရိုက်တာများ အလိုရှိသည်။(နေရာဒေသမရွေး လုပ်ကိုင်နိုင်သူသာ) ဆက်သွယ်ရန် Ph - 09-5008517

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၇၁၅၁၊ Honda C 90 Custom oms ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ငယ် မှတ်ပုံတင်အမှတ် ၉/အမရ(နိုင်)၀၄၀၃၆၀က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မတလ/၁၀၀၇၀၆၊ Hi-Bird (90) ယာဉ်လက်ဝယ်ရှိသူ ဦးအေးမြင့်အောင် ၉/ကဆန (နိုင်) ၀၉၉၆၉၁က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ (ခရိုင်ရုံး) ကျောက်ဆည်မြို့။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၄၀၅(အမ်)

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။	**နှင့်**	၁။ ဦးဟန်စိန် ၂။ ဒေါ်ခင်မူမူ
တရားနိုင်		**တရားရှုံး**

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၇၃ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်၊(မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၄ရက်) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက် အကွက် (၁၅/န–ဝန်ဇင်း)၊မြေကွက်အမှတ် (၁၇၆)၊ဧရိယာ ၀ဒသမ၀၅၅ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်၊ တစ်ထပ် မီးဖိုချောင်၊ စတိုခန်း၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာ၊ အုတ်ဝင်းထရံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၇၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်းရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်–၁၁၇ (အမ်)

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။	**နှင့်**	၁။ ဦးသန်းထွန်း ၂။ ဒေါ်ငွေငွေ
တရားနိုင်		**တရားရှုံး**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၂၆တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၀၇ ခုနှစ် အောက်တိုဘာ ၁၅ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် သီတင်းကျွတ်လဆန်း ၄ ရက်) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့ နန်းတော်ကုန်းရပ် (အကွက်၁၃/က နန်းတော်ကုန်း) ဦးပိုင်အမှတ် (၁၉)၊ မြေကွက်အမှတ်(၂၂)၊ ဧရိယာ ၀ ဒသမ ၁၁၃ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ လူနေပတ်ကားနှစ်ထပ်တိုက်၊ ဆီစက်ရုံနှစ်ထပ်တိုက်၊ ဝါကြိတ်စက်တစ်လုံး၊ ဆီစက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၃၅၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မြင့်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၁၈၆

မြန်မာ့စီးပွားရေးဘဏ် မိုးကုတ်မြို့။	**နှင့်**	၁။ ဦးလှရွှေ ၂။ ဒေါ်မြနှင်း
တရားနိုင်		**တရားရှုံး**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၉၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၅ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီ အချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိုးကုတ်မြို့ ကသဲအုပ်စု ကသဲကျောက်ဆောင်အောက်ပြန့်၊ ဦးပိုင်အမှတ် ၁၉၊ ဧရိယာ ၀ ဒသမ ၁၂၈ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၅x၃၀x၈x၁၀)ရှိ လေးလက်မခွဲ နံကပ်နှစ်ထပ်တိုက် လူနေအဆောက်အအုံ။

လေလံကြမ်းခင်းဈေးကျပ် ၁၂၅ သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဩဂုတ် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မေတင့်
တွဲဖက်တိုင်းတရားသူကြီး(၁)
မန္တလေးတိုင်းတရားရုံး။

အများသိစေရန်

ဦးညီညီမောင် ၁၂/မရက(နိုင်) ၀၁၀၂၈၀ အမည်ပေါက် ပိုင်ဆိုင်သော ဒဂုံဆိပ်ကမ်းမြို့နယ် (၉၄)ရပ်ကွက် ၅လမ်း တိုက်၂၅ အခန်း ၄ မြေညီထပ်နှင့် ပထမထပ်အား ကိုဆန်းလွင် ၅/ကလထ(နိုင်)၀၇၆၇၆၉ က ဝယ်ယူထားပြီး ဖြစ်ပါကြောင်းနှင့် ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။
ကိုဆန်းလွင်
၅/ကလထ(နိုင်)၀၇၆၇၆၉။

အင်ဂျင်နီယာကိုယ်တိုင်
TV-VCD-DVD
အိမ်အရောက်ပြင်သည်
☎ : 545937

ပလင်ါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ဒေသတွင်း မိုးစပါး၊ ပြောင်းနှင့် နှစ်ရှည်ရော်ဘာစိုက်ပျိုးမှုစစ်ဆေး မိုင်းပေါက်မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြား

နေပြည်တော် စက်တင်ဘာ ၁၃

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းက မိုင်းယန်း–မိုင်းပေါက်ကားလမ်းတစ်လျှောက် ဒေသတွင်း မိုးစပါး၊ ပြောင်းနှင့် နှစ်ရှည်ပင် ရော်ဘာစိုက်ပျိုးထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မိုင်းပေါက်မြို့၌ ဒေသခံတိုင်းရင်းသားအဖွဲ့ဝင်များအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ထောက်ပံ့ငွေများပေးအပ်

ထို့နောက် တိုင်းမှူးသည် မိုင်းပေါက်မြို့နယ် ပြည်သူ့ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားကာ ဆေးရုံတက်လူနာများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေး၍ ထောက်ပံ့ငွေများပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူးသည် မြို့နယ်ဆရာဝန် ဒေါက်တာဇော်မျိုးထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများအား ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး မြို့နယ်ပြည်သူ့ဆေးရုံ ဆေးပဒေသာပင်အတွက် မတည်အလှူငွေကျပ် ငါးသိန်းကို မြို့နယ်ဆရာဝန်ထံ ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် တိုင်းမှူးသည် မိုင်းပေါက်မြို့နယ် နောင်ခမ်းဘုန်းကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် ဦးတေဇနိယထံ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆန်အိတ်များ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၈ ကော်လံ ၆ ●

ထောက်ပံ့ငွေပေးအပ်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မင်းအောင်လှိုင် မိုင်းပေါက်မြို့နယ် ပြည်သူ့ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် လူနာများအား ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (သတင်းစဉ်)

အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ် ထိုင်းအသင်းက ဗီယက်နမ်ကို ခြေစွမ်းပြအနိုင်ရရှိ မြန်မာက မလေးရှားအသင်းကို ငါးဂိုးပြတ်သွင်းယူ

သတင်းမြင်ကွင်း - ကိုထွေး၊ ဓာတ်ပုံမှတ်တမ်း - သိန်းဝင်းလေး (မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၃

၂၀၀၇ ခုနှစ် တတိယအကြိမ် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားရာ ပထမအကြိုဗိုလ်လုပွဲစဉ်၌ ထိုင်းအမျိုးသမီးဘောလုံးအသင်းက ဗီယက်နမ်အမျိုးသမီးဘောလုံးအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယအကြိုဗိုလ်လုပွဲစဉ်၌ မြန်မာအမျိုးသမီးဘောလုံးအသင်းက မလေးရှားအမျိုးသမီးဘောလုံးအသင်းကို ငါးဂိုး–ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ခြေစွမ်းပြကစား

ညနေ ၃ နာရီခွဲတွင် ယှဉ်ပြိုင်ကစားသည့် ပထမအကြိုဗိုလ်လုပွဲစဉ်တွင် ထိုင်းအသင်းက ခြေစွမ်းပြကစားပြီး ဗီယက်နမ်အသင်းကို သုံးဂိုးပြတ်သွင်းယူကာ ထိုက်ထိုက်တန်တန် အနိုင်ရရှိသွားခြင်းဖြစ်သည်။ ထိုင်းနှင့် ဗီယက်နမ်အသင်းတို့၏ပွဲစဉ်မှာ ခြေရည်တူနှစ်သင်းဆုံတွေ့ခြင်းဖြစ်ရာ အနိုင်အရှုံးကို ကြိုတင်ခန့်မှန်းရခက်ခဲသော်လည်း အမှန်တကယ် ယှဉ်ပြိုင်ကစားသည့်အခါ ပထမပိုင်းမှာပင် ပွဲအဖြေထွက်သလောက်ဖြစ်သွားသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ■

မြန်မာအမျိုးသမီးအသင်းနှင့် မလေးရှားအသင်းတို့ ဤသို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ (မြန်မာ့အလင်း)

မိုးထစ်ချုန်းရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်မြို့တွင်းနေပြည်သူများ သွားလာမှုလွယ်ကူချောမွေ့စေရေး မြန်မာ့မီးရထားမှ ဈေးနှုန်းချိုသာစွာ ရထားများပြေးဆွဲပေးလျက်ရှိ

လက်မှတ်ခနှုန်းမှာ အနည်းဆုံး ၁၀ ကျပ်မှ အများဆုံး ကျပ် ၂၀ ဖြစ်

ရန်ကုန် စက်တင်ဘာ ၁၃

မြန်မာ့မီးရထားအနေဖြင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်ပို့ဆောင်ရေး အဆင်ပြေလွယ်ကူစေရန်အတွက် ရထားလမ်းပိုင်းသစ်များကို ပြည်နယ်နှင့်တိုင်းအနှံ့ နယ်စပ်ဒေသများပါမကျန် တိုးချဲ့ဖောက်လုပ်ပြီး ခရီးစဉ်သစ်များတိုးချဲ့၍ ခရီးသွားပြည်သူများအား ဈေးနှုန်းချိုသာစွာဖြင့် သွားလာမှုလွယ်ကူအဆင်ပြေချောမွေ့စွာသွားလာနိုင်ရန် ရထားများ ပြေးဆွဲပေးလျက်ရှိသည်။

နေ့စဉ်ပြေးဆွဲပေး

ရန်ကုန်မြို့နေပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် ခရီးသွားလာမှု လွယ်ကူချောမွေ့စေရန်နှင့် ရုံးတက်ရုံးဆင်းချိန်များတွင် အဆင်ပြေစေရန်အတွက် မြန်မာ့မီးရထားမှ မြို့ပတ်ရထားစင်းရေ ၁၉၁ စင်းကို ပြေးဆွဲပေးလျက်ရှိသည်။ နေ့စဉ်ရုံးတက်ချိန်များတွင် နံနက်ပိုင်း ရန်ကုန်အဝင်ရထားများမှာ အင်းစိန်ဘက်မှ လေးစင်း၊ မင်္ဂလာဒုံ၊ ပုရွက်ဆိတ်ကုန်းဘက်မှ သုံးစင်း၊ တိုးကြောင်ကလေးဘက်မှ သုံးစင်းဖြစ်ပြီး ညနေပိုင်းရုံးဆင်းချိန်တွင် ရန်ကုန်အထွက်ရထားများ

စာမျက်နှာ ၃ ကော်လံ ၁ ✳